၃၅၀။ မြွေပေတစ်ခြံကြောင် သဖန်းတစ်စဉ့်ပျက်

၃၅၁။ မစားရဘဲညှော်ခံ မောင်ကလားမိကံ

၃၅၂။ မျက်ဖြူဆိုက်လီ ဆရာကြိုက်လီ

၃၅၃။ မရှုတ်မသိခင် ပင်လယ်စွပ်

၃၅၄။ မင်းကြီးအုန်းသီးစားရာမှာ လောအောင်ဆိမ်း

၃၅၅။ မဆိုင်တဆိုင် ကပိုင်းသားကိုဓားနှင့်ရိုင်

၃၅၆။ မကြားစဖူး ကြားစဖူး ဆင်စောက်ခွာမှာ နူးပျိုးဖူး

၃၅၇။ မင်းတြားငါ့လင် ဘုရင်ငါ့ယောက် သခေ်ာသူကြီး ငါ့ဝရီး

၃၅၈။ မဗွီမရာ ကျားခေါင်းမှာသန်းရှာ

၃၅၉။ မြွတ်မည်လားနှင်းခံ တပွာလျှော့

၃၆၀။ မဟိစ္စာထက် မသိစ္စာခက်

၃၆၁။ မင်းကြီးတစ်ခါထွက် ပဲလှော်ဆယ်ခါချက်

၃၆၂။ မစားထိုက် အိုးမှာ သေတစ် ကျောက်သားဖြစ်

၃၆၃။ မြားမှာတစာ ကွန်မှာတစ်ချိန်း

၃၆၄။ မျက်နှာဟိရာ ဟင်းဖတ်ပါ

၃၆၅။ မိုးယိုးကစွတ် လီယိုးကတော်

၃၆၆။ မိုးယိုးကဝါးစွတ် လူကိုယိုးကင

၃၆၇။ မှုတ်လီရောင်လီ မန်းလီရမ်းလီ

၃၆၈။ မျောက်ခြောက်မကြောက်ကဲ့

၃၆၉။ မုတ်ဆိတ်ထက်သွားရှည်

၃၇၀။ မိုးလင်းကြက်တွန် နိုဝင်စပါးလှမ်း

၃၇၁။ မိန်းမပျင်းမပျင်း ဆောင်းခါမှသိ

၃၇၂။ မြို့မြို့ချင်းမြို့မြင်ရေ

၃၇၃။ မြို့သားကျွန်းရောက် ကျွဲခြိုရာမျောက်ခုံမျောက်

၃၇၄။ မိန်းမမှာဌာနမဟိ ယောကျ်ားမှာသချိုင်းမဟိ

၃၇၅။ မျိုးကြားသူစိမ်းဝင် ပုတ်ကြားနွားချီးဝင်

၃၇၆။ မယားဆရာ လင်ပြော

၃၇၇။ မီးတမြင်လိုက်လီ ခွေးတစ်ဟောင်မလိုက်လီကဲ့

၃၇၈။ မတတ်သာကြံနွားနှင့်ထွန်

သီသတ်မည်ကြောက် ပေါက်တူးပေါက်

၃၇၉။ မက္ကလာထက် စံကောမကြီး

၃၈၀၊ မောင်သာဖြူသူတော်လုပ် အိမ်ကိုယက်မဖြုတ်

၃၈၁။ မုံညင်းလဲကျုံး စပါးလဲရှုံး

၃၈၂။ မုံညင် လဲငွီးရေ စပါးလဲမွဲရေ

၃၈၃။ မဟိကြောင့်ကြ ရှိတောင့်တ

၃၈၄။ မစီးမစပ် မဲထပိန်ဗလာဟာပ်

၃၈၅။ မရွတ်ခုန်စွာကျွတ်တော

၃၈၆။ မကောင်းတကောင်း အောင်ကျော်ရက်တေတောင်း

မိုးခါလီလာခါသုံးစရာ

၃၈၇။ မဖိတ်စီချင် တလင်းပျင်

၃၈၈။ မြင်းစီးမတတ်ဖင်ပေါက်

၃၈၉။ မသိမီး မစင်ဆီး

၃၉၀။ မိန်းမများ ကြက်ဥမကျက်

၃၉၁။ မြိနိမ့်ရာလှံစိုက်

၃၉၂။ ယောကျ်ားအစစ် အမွှီးသိပ်သိပ်

၃၉၃။ ယောကျ်ားအစစ် အမွှီးတစ်သိုက်

၃၉၄။ ယောက္ခမသိစွာနှင့် ငရုတ်စူးစွာနှင့် တစ်ချက်တည်း

၃၉၅။ ယောက္ခမကျွဲစား ငွါနွားလျှော်လား

၃၉၆။ ယောက္ခမနို့ပျဉ်း မဆွဲဝံ့ဆွဲဝံ့

၃၉၇။ ယောင်တီယောင်တောင် ဘဇောင်ရောင်

၃၉၈။ ယောင်နောက်ဆံတိုးပါ

၃၉၉။ ယင်းလို့ကြံမှအတန်ကျ

၄၀၀။ ယောက်ျားပျင်းမပျင်း မိုးခါမှသိ

၄၀၁။ ယုန်တောင်ပြီး ခွီးပြောက်လိုက်

၄၀၂။ ယားရာမှာ လာခြစ်တော

၄၀၄။ ယောက်ျားကောင်း မောင်းမတစ်သောင်း

၄၀၅။ ယောက္ခမအပြစ်ဆန်တစ်သိုက်
ပြောတတ်ဟောတတ်သိုက်ခွဲလျက်

၄၀၆။ ယောက်ျားမှာဆယ်အိမ်တက် ဆယ်အိမ်ဆင်း

၄၀၇။ ယောက်ျားအို ကျမ်းတတ်ခံရေ မိန်းမအိုရက်ကန်းတတ်ခံရေ

၄၀၈။ ယောက်ဖဖက်က လှိုင်းမသာ

၄၀၉။ ယင်းပိုင်မှင်ကို ဆယ်ကောင်ပင်တိုး မောင်မနိုး

၄၁၀။ ယင်းလောင်းတက် ယင်းတက်နှင့်လျော်

၄၁၁။ ယောက်ျားမှာ သချိုင်းမကြံ မိန်းမမှာရွာမတိ

၄၁၂။ ယောက်ျားကြိုက်စိုက်စိုက်လာ

၄၁၃။ ယောက်ျားအစမ်းသုံးခါ

၄၁၄။ ရောက်မလှလို့သွားကိုဆို့ သွားကမတတ် ပါးကတတ်

၄၁၅။ ရခိုင်အစ နဂ္ဂန္တက

၄၁၆။ ရခိုင်အစမြို့က

၄၁၇။ ရခိုင်အစ ရီကြိုင်က

၄၁၈။ ရခိုင်အစ မရယုက

၄၁၉။ ရက်ခြည်ထက်ခြုပ်ခြည်များ

၄၂၀။ ရီကိုခွက်လို့ ကြောင်းမထင်

၄၂၁။ ရီမမြင်ခင်လောပင့် သားမရခင်ပုခက်ရက်

၄၂၂။ ရွာသားညီ နွားခွက်စားရေ

၄၂၃။ ရင်းရာရင်းရာ ကလန့်မှာအဆီခါ

၄၂၄။ ရီမျော်တုံးကို မဆယ်ကောင်း

၄၂၅။ ရစ္စာမလို လိုစ္စာမရ အိုဒုက္ခ

၄၂၆။ ရီများလို့ဝါးမသိ

၄၂၇။ ရွှန်ရေပန်းဘုရားတင်မရ

၄၂၈။ အလားရွှန်အပြန်ခက်

၄၂၉။ ရီမှာအဆုံး ကုန်းမှာဆိုတစ်ဝက်

၄၃၀။ ပျေက်မလက်ခြင်း မိုဟင်းရူခါကပင်သိယင့်

၄၃၁။ ရောက်မလဲက်ခြင်း မှိုဟင်းရူးချက်စာကပင်သိယင့်

၄၃၂။ ရှီးလောင်းပြွန်းမှာ ခွီးသီးဖြုန်းရေ

၄၃၃။ ရှူးကွန်ဆောင်လို့ ဝအောင်စား

၄၃၄။ ရီမှာအရိုးမဟိ မင်းမှာအမျိုးမဟိ

၄၃၅။ ရင်လောက်တင်မှ ခါးလောက်ကျ

၄၃၆။ ရွက်လှေကားဝါးကြီးရေ သီလားသားလှရေ

၄၃၇။ လ၊ သီ၊ လ၊ ကွယ် စစ္စီလယ်

၄၃၈။ လူစကားနှင့် ချီးလာရေ

၄၃၉။ လူစကားနှင့် ရွေညာလွမ်းရေ

၄၄၀။ လူကြီးမိုက်တော ယောင်ကြီးငိုက်တော

၄၄၁။ လူမနာလိုနား ခွီးမနာလိုသွား

၄၄၂။ လူမွဲနတ်မြင်

၄၄၃။ လူပေါက်သူယောင် ကြောင်သီတင်းသုံး

၄၄၄။ လောင်းအတိုအလျော်ခက်တော လူအတိုအပြောခက်တော

၄၄၅။ လူများချီးနှင့်ဝက်မွှီးစပ်တော

၄၄၆။ လယ်ထွန်နီလို့ နွားပျောက်တော်

၄၄၇။ လာလီရာမှာ ကြောင်နှံ့သာ

၄၄၈။ လမ်းသစ်ထွင် ရူးဝင်ရေ

၄၄၉။ လကိုလွှန် ကြယ်ပျံ့ရေ

၄၅၀။ လူမသိ ငွီမယှား

၄၅၁။ လူပြောင့်စိတ်တို လူချိုစိတ်ကောက်

၄၅၂။ လက်သဲဆိတ် လက်မနာ

၄၅၃။ လူ့ပြည်မှာ ချီရာပေါ်ရေ

၄၅၄။ လင်လိုတုန်း နားပဲ့ရေ

၄၅၅။ လီလိုက်ရာမှာ ဖျာဆိုးရှင့်

၄၅၆။ လက်သာမြင့် လက်သဲရှည်ရေ

၄၅၇။ လူနီချုံကြား စိတ်နီဘုံဖျား

၄၅၈။ လောဘသန် လောကန္တရာသင့်

၄၅၉။ လောဘကြီး လောကန္တရာသင့်

၄၆၀။ လိပ်ကြုံစွာ လူမသိ လိပ်ရာသိရေ

၄၆၁။ လိုတော့ မင်းတာ

၄၆၂။ လူကိုခစပ်ကေ့ ကျွန်ရုပ်ပေါက်တော

၄၆၃။ လောင်းကားသုံးသံ ဖေါင်းခြောက်လံ

၄၆၄။ လိုသူကျွဲစား ကျော်ရှိလျှော်

၄၆၅။ လူမှာအဆုံးဇာတ် သံမှာအဆုံးအာပ်

၄၆၆။ လူအံမ်ထမင်း လှိုကားရင်း

၄၆၇။ လူမှာဝတ်ရောင်း လောင်းမှာစပ်ရောင်

၄၆၈။ လင်လိုကေ အိမ်နားမှာ ဖပါးလင်တောင်မစိုက်

၄၆၉။ လိုကိုပြောဖို့ဆိုကေ လျှာယမ်းယမ်းနှင့်

၄၇၀။ လူကိုယုံ လူယုံသတ်

၄၇၁။ လားရေနွားဖိထွန်

၄၇၂။ လူကိုအမူကြည့် ကြက်ကိုအချီကြည့်

၄၇၃။ လူအရောင်နှင့် ခွေးဟောရေ

၄၇၄။ လူမပေါ်ခင် ချီးပေါ်ရေ

၄၇၅။ ဝါးလုံးချီးသုတ်ပိုင်

၄၇၆။ ဝမတိဘဲ ဗိလုပ်တော

၄၇၇။ ဝက်မျက်နှာတရုတ်မကြည့်နိုင်

၄၇၈။ ဝါသနာအလိုက် အကျိုးဖြစ်

၄၇၉။ ဝါးလုံးနင်းတုံ ဝါးခြမ်းနင်းတုံ

၄၈၀။ ဝါခေါင်လက လန့်တမ ကျွဲတမနင့်မဖ

၄၈၁။ ဝက်မဘုတ်ကျဉ်ကိုက်

၄၈၂။ ဝါဆိုခြီအောက် အရိပ်ပျောက်

၁၈၃။ ဝါးလုံးပွတ်နှင့် ချီးကိုင်းကိုင်းလို့

၄၈၄။ ဝါးကွဲကေ ရီဝင်ရေ

၄၈၅။ ဝန်သည်လာကေ ဟန်သည့်ချောင်

၄၈၆။ ဝါးတောမှာ ဝါးလှရှိုး

၄၈၇။ ဝက်ထီးအားကိုး

၄၈၈။ ဝက်ဘားကင်မောင်သျှင်ဖို့ ငါးခြောက်လှန်း ကျီးကန်းဖို့

၄၈၉။ ဝေသာလီကြက် ကျိန်းရီမျက်

၄၉၀။ သီဖို့နွား တောင်နားယောင်

၄၉၁။ သူမသိကိုယ့်ဖို့ မောင်မောင့်လူယာနိုး

၄၉၂။ သံကိုခွက်လို့ မဲသားမတက် ရီကိုခွက်လို့ အရာမထင်

၄၉၃။ သားမက်စီလူမဟုတ် ပုစွန်ဖြူငါးမဟုတ်

၄၉၄။ သစ်ကြီးအမျက် ပြင်မထွက်

၄၉၅။ သောက်ရီအိုးမှာ တီတက်ကေ

၄၉၆။ သူများကိုမကောင်းမကြံကောင်း ကိုယ့်ပက်မှာရောင်း

၄၉၇။ သူ့ဆန်စားသူ့ကြက်

၄၉၈။ သူတော်မဝါးဖြီးလှူ

၄၉၉။ သူ့မယားမျက်ရည်ကျ ကိုယ့်မယားဝမ်းဝ

၅၀၀။ သူခိုးကို သီဖော်ညှိ

၅၀၁။ သူများရည်ခါ ကျွန့်နားပင်းကိုလက်တို့ပါ

၅၀၂။ သီလားခရေသားအလှပ ရှုတ်လားခရေငါးအကြီးသန်

၅၀၃။ သျှင်မဝင်ခင် ကျောင်းထိုင်ချင်

၅၀၄။ သီဖို့ကြောက် ပေါက်တူးပေါက်

၅၀၅။ သူခိုးကို တန္တခေါင်းရိတ်တော

၅၀၆။ သနားကေ သနာရုပ်တော

၅၀၇။ သံသရာထက် ဝမ်းစာခက်

၅၀၈။ သားသမီးမကောင်း မိဘခေါင်းမှာရောင်း

၅၀၉။ သီရာသိစီ အမြင်စီတဲ့

၅၁၀။ သီဖို့အစ ဖျားရေ

၅၁၁။ သဘော်ပျက်ရာမှာ ချည်ပေါင်သီးရောင်းလိုက်မိလို့

၅၁၂။ သျှင်ကြီးလာလည်းသတ် သျှင်သျှေလာလည်းသတ်

၅၁၃။ သူခိုးလက်က သူဝှက်လု

၅၁၄။ သူခိုးမယား မငိုဝံ့

၅၁၅။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်

၅၁၆။ သီစီလိုကေရိပတ် ရှင်စီလိုကေ ဒုတ်နှင့်နှက်

၅၁၇။ သဇင်ပွင့်စနတ်တော်လ သဇင်လည်းပွဲတပိုးတွဲ

၅၁၈။ သစ်ရောင်းဝါးရောင်း မတာတ်ကောင်း

၅၁၉။ သက်ကြီးတစ်ရစ် သက်ငယ်ပြစ်

၅၂၀။ သျှင်ရဲအောင်ဖွေ မာန်အောင်ပို့ နတ်မရေ

၅၂၁။ ဟူးခူးများ နပ်စာမပြည့်

၅၂၃။ ဟုတ်ရှုပရှု မောင်ဖြူမန္တရား

၅၂၄။ ဟိရေနွားလည်း ကုတ်ဖီ ရခီရေနွားလည်းကုတ်ဖီ

၅၂၅။ ဟုတ်မဟုတ် သူခိုးနှင့်အိမ်သျှင်ရာသိမည်

၅၂၆။ ဟုတ်ကဟုတ်ယင့် သူမခံချိ

၅၂၇။ အလုပ်မဟိ ကြောင်ရိချိုး

၅၂၈။ အစကြူးနက် ကိုယ်မတက်

၅၂၉။ အစားပို့နက် ကိုယ်မတက်

၅၃၀။ အဝီးနီတသက်သံက် အပါးနီတခြက်ခြက်

၅၃၁။ အဝီးနီစုံအောင်မီး အပါးနီစုံအောင်ကြည့်

၅၃၂။ အစားမဟိ ကျွန်လျှာ

၅၃၃။ အစတွင်ကေ ထုံးဖြစ်တေ

၅၃၄။ အလိုလိုက် အမိုက်စော်ကားရေ

၅၃၅။ အလျှင်လို့ အအိုနှင့်ငြား

၅၃၆။ အိမ်ကအဆိုး မောင်းကာကြီး

၅၃၇။ အရှက်မဲ့ လူကြီးစဲး

၅၃၈။ အရှက်မဟိ ကြဲစီကြဲစီ

၅၃၉။ အကာစပ်သန် ရန်ဖြစ်တေ

၅၄၀။ အကြံဆန်း ရဟာန်းကျောင်းနှင့်မနီရ

၅၄၁။ အဘုသျှေမရခင် ပုခွက်ရက်

၅၄၂။ အဝတ်မဟိ မွန်းတည့်ချမ်း

၅၄၃။ ဦးကာနင်းပဲ့ကပေါ်

၅၄၄။ အပြစ်ဟိဆို ခုတ်မိုးကြည့်

၅၄၅။ အကြီစပ် (အကာစပ်၊ ကျင်ဖြစ်)

၅၄၆။ အကျွမ်းဝင် အပင်ပေါက်တေ

၅၄၇။ အယင်ကလူ မောင်သာဖြူ

၅၄၈။ အမြတ်လိုလို့နှင်းခံ တစ်ပဝါလျှော့

၅၄၉။ အရင်းမစိုက် တက်ခတ်လိုက်

၅၅၀။ အပွီးမြင်အပင်သိ

၅၅၁။ အထည်များ မယားပြော

၅၅၂။ အနာမြင် ယင်ဝင်နား

၅၅၃။ အဝီးကလူ အဝတ်နှင့်ခြောက် အပါးကလူအိမ်နှင့်ခြောက်

၅၅၄။ အမိမုံ့ရောင်း သားမင်းလောင်း

၅၅၅။ အဆောက်ကိုခတ် အမောက်နာ

၅၅၆။ အဆောက်ထက် အမောက်သန်

၅၅၇။ အနာမဟိ ကန်ကောက်ဖောက်ထိုး

၅၅၈။ အုန်းဘောင်မှာ သပြာကပ်ကပ်လို့

၅၅၉။ အယတ်ကိုလောင် အခေါင်ကိုခိုက်

၅၆၀။ အိုးကြီးကွဲ အိုးပြမ်းကျန်

၅၆၁။ အမောင်းလည်းရောက် ငွါ့သွားပျောက် အမောင်သူခိုးဇီမယိုး

၅၆၂။ အစဉ်ပါ အညာတန်းလန်း ဗူးခရမ်း

၅၆၃။ အတင်းကြီးမှုဟင်းပင် နှစ်ခေါက်ချိုး အိုးထဲဝင်

၅၆၄။ အသီခေါက်ခက် အဝင်နက်

၅၆၅။ အဘရှစ်လောင်း သားကိုးသောင်း

၅၆၆။ အရှိဆင်ခေါင်း မုန့်သန်းထောင်း

၅၆၇။ အဦးစားကြောင် အလယ်ရောင်

၅၆၈။ အတက်ခံ သိန်းတံဦးဘ ဦးချာလှိမှာ တက်ခတ်ကျ

၅၆၉။ အရယ်ကြူး အဖတ်ပါ

၅၇၀။ အတောင်ညောင်း ကိုင်းပေါင်းမှာနား

၅၇၁။ အသည်းမကြွင်အအူကြွင်

၅၇၂။ အကြံမတတ်သမန်ခတ်

၅၇၃။ အလုပ်ဟိမှ အစားဟိ

၅၇၄။ အဝတ်မဟိ ပုတ်ချုပ်လို့နီ

၅၇၅။ အိတ်ပေါက်နှင့်ဖားကောက်တေ

၅၇၆။ အားနာကွန်ဆောင်လို့ ဝယောင်စားရေ

၅၇၇။ အသင်းကြီးမင်းမနိုင်

၅၇၈။ အနှမ်းခံ ပတ်ကမ်းကျရေ

၅၇၉။ အလိုကြီးအရနည်းရေ

၅၈၀။ အမြင့်တက် အမှည့်စားရနိုးနိုး

၅၈၁။ အနီမဟုတ် ပြင်တက်ဒိုး

၅၈၂။ အသတ်လည်းခံ ပွဲးရှက်လန်

၅၈၃။ အကျင့်လွန် နိဗ္ဗာန်ကျော်

၅၈၄။ အတောင် ယောက်နှင့်ပျော်

၅၈၅။ အသျှင်ကြောင့်ကြ ကျွန်ဝမ်းဝ

၅၈၆။ အာဂါဥယူ ယူသူလယ်လုပ် စုတ်စုတ်မြုပ်

၅၈၇။ အသွီးကိုမြင်တွိအထင် အသွင်သိက မျာနှာဝ

၅၈၈။ အလုပ်မှာကူလီ အစားမှာမခြိတခြိ အငတ်မှာဗထားရိ

၅၈၉။ အသည်းဆန်ခါ ဘရင်ဂျိနာ

၅၉၀။ အထဲဝမ်းသာ ပြင်မာန်မပါ

၅၉၁။ အဘာစားဘို့ထား အာစားဘို့တောင်မရ

၅၉၂။ အမျိုးများလျှင် စားအိုးမဖွင့်နိုင်

၅၉၃။ အလှဆင်ကေ မျောက်ဖြစ်တေ

၅၉၄။ အလားရှန် အပြန်ခက်

၅၉၅။ အခက်ကြီးအရိပ်မြိုင် အသက်ကြီးအသိပိုင်

၅၉၆။ အချိုးတူနီဖူ

၅၉၇။ ညှော်သည်ညည့်နက် အတည်းခက်

၅၉၈။ အိုးတိုင်းလက်ကျ ခွက်တိုင်းဝ

၅၉၉။ အိမ်မှာလီကား လောင်းမှာရော. လှည်းမှာဝင်ရိုး

၆၀၀။ အားမနာလို ပါမကျိုး

(ရခိုင်စကားပုံကို ရှာဖွေစုဆောင်းရာတွင် အချို့သောစကားပုံတို့မှာ တိုင်းရင်းသားစကားဖြင့် ပြောထုံးများဖြစ်သဖြင့် နားလည်ရန်ခက်ခဲသော်လည်း ရခိုင်တိုင်းရင်းသားတို့အဖို့ လိုအစ်မည်ဖြစ်သဖြင့် ဖော်ပြပေးထားပါသည်။ မြန်မာနှင့် အခြားလူမျိုးစုတို့နားလည်လွယ်ရန် ရခိုင်စကားပုံမှ အသုံးများသော စကားပုံများကို အောက်တွင် ထပ်မံဖော်ပြပေးလိုက်ပါသည်။)

၁။ ငါးပိမရချင် ဖက်ခံ

၂။ တစ်နှစ်လုံးလယ်ထွန် နွားထီးမှန်းနွားမမှန်းမသိ

၃။ တစ်ယောက်တစ်လက်ကျောင်းသားလက်

၄။ ကြောင့်နင်းလို့ဆီနင်းမကြွေ

၅။ ခွေးပေါင်တိုင်း ကျောက်ခဲနှင့်မပစ်နှင့်

၆။ ပညာရှိနှစ်ယောက်သွားက လမ်းလယ်လပ်

၇။ လူပိုလို့မသေ တုံးပိလို့သာသေ

၈။ လင်မကောင်း မယားအပါယ်လား

၉။ သိသာသိစေ မမြင်စေနှင့်

၁၀။ သူတော်ကောင်းနှင့်သွားက စားဖို့သောက်မကုန်

၁၁။ သူယုတ်မာနှင့်သွားက လျှော်မောင်းမကုန်

၁၂။ အိမ်ပြန်နွားမြက်မစား

၁၃။ အသိခေါက်ခက် အဝင်နက်

၁၄။ အဖရှစ်သောင်း သားကိုးသောင်း

၁၅။ တစ်ယောက်စကား တစ်ယောက်နား

၁၆။ တောင်လေလာ မိုးပါ

၁၇။ တောင်ကြီးဖဝါးအောက် လှိုင်းကြီးလှေအောက်

၁၈။ ပူကိုမကောင်း မကြံကောင်း

၁၉။ မကောင်းကြံသော် ကိုယ့်ရင်တွင်းကိုတိုးလို့ဝင်

၂၀။ ဒီရေမှာ မူသောပြောလို့မဖြစ်

၂၁။ နှုတ်ခမ်းပဲ့ချင်းမီးမမှုတ်နှင့်

ရခိုင်သံ = မြန်မာသံ

လီ - လေ

အီး - အေး

ထွီ - ထွေ

ပန် - ပင်

ရမ်း - ရင်း

ခြီ - ခြေ

မြွီ - မြွေ

စိုက် - စစ်

ရိုက် - ရစ်

* * * * *

“ ရှမ်း ”
တိုင်းရင်းသား စကားပုံများ

၁။ မိမိတိုင်းပြည်၏ မြေကြီးကို ငုံ့ကြည့်ပါ။
တစ်နေ့နေ့တွင် သာယာစည်ပင်လာပါလိမ့်မည်။
၂။ ဝိုင်းဝန်း၍စားလျှင်မြိန်သည်။
ဝိုင်းဝန်း၍ထမ်းလျှင်ပေါ့သည်။
၃။ ရေစီးသန်သောမြစ်တွင် လှေကောင်းကိုမယုံရာ။
ကျားဆိုးနှင့်တွေ့သောအခါကံကိုမယုံရာ။
၄။ လယ်ကန်သင်းကို ပြန်ဆွလျှင် မြက်ပုပ်ကိုသာတွေ့မည်။
စကားဟောင်းကိုပြန်နှုးလျှင် ရန်ဖြစ်တတ်သည်။
၅။ ပွဲပြီးမှ ဆံပင်ရိတ်ခြင်းသည်မကောင်း။
တံတားပေါ်မှ လိမ့်ကျပြီးမှ လက်ရမ်းကိုပြုပြင်ခြင်းသည်လည်း
မကောင်း

၆။ အဝေး၌ရှိသောရေသည် ခြောက်သွေ့နေသောလည်ချောင်းကို
မစွတ်စိုစေနိုင်။
၇။ ခွေးကသာလူ၏ခြေသလုံးကို ကိုက်ပါစေ။
လူကခွေး၏ခြေကို မကိုက်မိပါစေနှင့်။
၈။ ငါးစားလျှင် အရိုးကိုမကြောက်ပါနှင့်။
သူတစ်ထူး၏ အခစားဖြစ်လျှင် လုပ်အားကိုမတွက်ပါနှင့်။
၉။ လိမ်သောသူသည် မချစ်၍ဖြစ်သည်။
ချစ်သောသူသည် ဘယ်အခါမှမလိမ်ပါ။
၁၀။ လူ့ပေါ်ကြော့သည်တစ်နှစ်လုံးစကားပြော၏။
လူလိမ္မာမှုကား အချိန်အခွင့်ကိုလိုက်၍သာပြောတတ်သည်။
၁၁။ မိုးစောစောရွာလျှင် နီးဖြာပါ။
နေစောစောပူလျှင် စလူဆောင်းပါ။
၁၂။ ကျောကုန်းပြရန် အင်္ကျီမချွတ်ရာ။
၁၃။ ဖြည်းဖြည်းအစာစားမှ ဗိုက်နာကင်းမည်။
၁၄။ ခက်ခဲလျှင်ရှေ့ထား လွယ်လျှင်နောက်ပို့။
၁၅။ သည်းခံနိုင်လျှင် ရွှေခဲဖြစ် မခံနိုင်လျှင်ရွှံ့တုံးဖြစ်။
၁၆။ အောင့်လျှင်ရွှေတုံး မအောင့်လျှင်သစ်တုံး

၁၇။ အိပ်မည်ဆိုလျှင် အချိန်ကြည့်။
ဆန်ဆေးမည်ဆိုလျှင် ခင်းကြမ်းကိုကြည့်။

၁၈။ အထိုင်မတော်လျှင် ပြန်ထပါ။

၁၉။ ဝါးလုံးနှင့်ချူ လက်တံနှင့်မတူ

၂၀။ သားယောကျ်ားသည်အားကိုးစရာ
ငွေစုထားရာ အိုစာမင်းစာ

၂၁။ ရွှေငွေစုစာစုဆောင်းသောဘုန်းကြီး တစ်နေ့လူထွက်ရပေမည်။

၂၂။ ဈေးသွားလျှင်ငွေမပါက အပြန်တွင် စိတ်မပျော်နိုင်

၂၃။ ဘာလုပ်လုပ်မပျင်းရိလျှင် ငွေအရင်းခံမရှိသော်လည်းမငတ်နိုင်

၂၄။ မီးရထားခိုးစီး၍ ဘုရားဖူးလာသူက အလှူခံသေတ္တာထဲ နိဗ္ဗာန
ပစ္စယောဟောတု ဆုတောင်းပြီးငွေထည့်သော် ကိုယ်စောင့်
နတ်ရယ်လိမ့်မည်။

၂၅။ အုပ်ချုပ်သူက စကားပရိယာယ်ကြွယ်ဝသည်။
ငွေကြွယ်သူက အမြင်နှင့်အကြံ ကူးသန်းရောင်းဝယ်ရာတွင်
ကျယ်သည်။

၂၆။ ပစ္စည်းကောင်းလျှင်ငွေမနည်း။
ငွေနည်းသော် ပစ္စည်းမကောင်းတတ်။

၂၇။ နွားကွဲလျှင် အမဲသားဖြစ်မည်။

၂၈။ နွားကွဲလျှင် ကျားဆွဲမည်။

၂၉။ သူ့ထမင်းစားပြီး သူ့အတင်းကို မပြောလင့်။
မိုးကြိုးမပစ်သော်လည်း ဆင်းရဲတာရှည်တတ်သည်။

၃၀။ ကိုယ့်အမှားကိုမမြင်ဘဲ သူတစ်ပါးကို အပြစ်မတင်ပါနှင့်။

၃၁။ လောဘကြီးသူအရှက်မရှိ၊
အရှက်ရှိသူလောဘမကြီး

၃၂။ ယောကျ်ားတို့၏ အလှသည်လက်ရုံးရည်။
မိန်းမတို့၏ အလှသည်စာပေ။

၃၃။ ကဗျာကရာစားလျှင် နင်တတ်သည် ကဗျာကရာပြေးလျှင်
လဲတတ်သည်။

၃၄။ ကျားဆိုးရာကြမ္ဗာ မရိုးသာ ကံကိုယုံဆူးပုံမနင်းနှင့်။

၃၅။ ကြက်အိပ်သော်လည်း တောကြောင်မအိပ်။

၃၇။ ကြောက်လွန်းလျှင် သေတတ်သည်။
ရှက်လွန်းလျှင်ချော်လဲတတ်သည်။

၃၈။ ကိုယ့်မှာပညာမရှိလျှင် အိမ်ထောင်ပြုကာမှ
နောင်တရတတ်သည်။

၃၉။ ကောင်းလည်းလင် မကောင်းလည်းကြောက်။

၄၀။ ကောင်းတော့မယား မကောင်းတော့ဘေး။

၄၁။ ကောင်းကောင်းစားချင်လျှင်ကိုယ်တိုင်ဈေးသွားပါ။
ကောင်းကောင်းမစားချင်လျှင် သူများကိုမှာပါ။

၄၂။ ကိုယ့်မှာအတတ်ပညာများများမရှိဘဲနှင့်
သူများကိုစိတ်မဆိုးနှင့်။

၄၃။ ကြီးမားသောဟင်းအိုးသည်မချိုပါ။
ဆင်းရဲသူ၏စကားလည်းမမှန်တတ်ပါ။

၄၄။ ကျောင်းသွားကျောင်းတက်ပြီး မရှိခိုးတတ်လျှင်
ကုသိုလ်အကျိုးမရနိုင်။

၄၅။ ကူးတို့ဆိပ်တိုင်းလှေထားရှိလျှင် လူလိမ်မှာဟုခေါ်သည်။

၄၆။ ကောင်းတဲ့စပါးဟာ ဖျာပေါ်မှ ဘယ်မှမသွား။
မကောင်းသောစပါးဖျင်း စပါးလှေးတို့သာ လေနှင့်
အဝေးသို့လွင့်ပါသွား။

၄၇။ ကျေးဇူးမသိတတ်သူများသစ်ပင်အောက်အိပ်ပြီး
သစ်ကိုင်းကိုချိုးတတ်သည်။

၄၈။ ခလောက်မရှိသောကျွဲ ရှာဖွေရန်မလွယ်

၄၉။ ခြံလုပ်ပြီး မကာထားလျှင် တစ်နေ့ငိုပွဲဆင်ရမည်။

၅၀။ ချွန်းမရှိသောဆင်ကိုစီးတတ်သော်လည်း သူ့ကိုမယုံရ။

၅၁။ ချိုင့်ဝှမ်းသုံးခုကျော်သောလယ်ကို
လုပ်လျှင်အသက်ဝအောင်မရှုနိုင်

၅၂။ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်

၅၃။ ငါးစားလျှင် အရိုးစူးမှာမကြောက်နှင့်
အိမ်ထောင်ကျပြီးလျှင် စီးပွားရှာဖို့မပျင်းနှင့်။

၅၄။ ငွေရှိသောသူကြီးကျယ်လျှင် မကောင်းသောကံကြမ္မာနှင့်တွေ့
ရတတ်သည်။

၅၅။ ငွေတိုးပေးပြီး ကုန်ကူးနေသောဘုန်းကြီးသည် လူကြား
ကောင်းအောင် ဘုရားရှိခိုး၍ နံနက်ဘက် အမဲပစ်ထွက်သော
မုဆိုးထက် လောကကိုလိမ်သူဖြစ်သည်။

၅၆။ စစ်မျက်နှာရှေ့သို့ မဖြတ်သင့် တိရစ္ဆာန်ရှေ့သို့ မဝင်သင့်။

၅၇။ စပါးကောင်းကောင်းမခြောက်လျှင် ထောင်းရခက်သည်။
တစ်ဦးတည်းသောသားသည်လည်း အပြောရခက်သည်။

၅၈။ ဆေးကြောနိုင်မည့်သူ သန့်ရှင်းမည်။

၅၉။ ဆေးဆရာတစ်ဦး ဖျားနာနေလျှင်
အခြားဆေးဆရာတစ်ဦးက အကုရခက်သည်။

၆၀။ ဆန်ဈေးတက်လျှင် ထမင်းစားမြိန်သည်။

၆၁။ ဆားမပါသောဟင်းကို ချိုသည်ဟု မည်သူမျှမဆိုပါ။

၆၂။ ဆန်သည်ပိုသည်မရှိ ဆားသည် ပုပ်သည်မရှိ။

၆၃။ ဆွေမျိုးအချင်းချင်းကောင်းသော် ခဏခဏမလည်ပတ်နှင့် မိတ်ဆွေချင်းကောင်းလျှင်မူ သွားရောက်လည်ပတ်ပါ။

၆၄။ ညဦးနက်မှအိပ် နေမြင့်မှထမလုပ်ရ။

၆၅။ ညဦးနက်မှအိပ်လျှင် ကွမ်းဆေးလက်ဖက်ကုန်၊
နေမြင့်မှထလျှင် မီးထင်းကုန်

၆၆။ တစ်ကိုယ်တည်းနေသော ခေါင်းဆောင်ကြောင့်
ရပ်ရွာဘိုးပွားခြင်းမရှိ။

၆၇။ တော်သလင်းလတွင် စပါးကုန်မကူးနှင့်
ဝါခေါင်လမှာ ကျွဲကုန်မကူးနှင့်။

၆၈။ တစ်ညသုံးခါထ၍ ချောင်းဆိုးလျှင် ဘေးရန်ကင်းသည်။

၆၉။ တစ်ဦးနှင့်တစ်ဦးကောင်းသော်လည်း ယက်ကန်းအတူမခတ်နှင့်၊
တစ်ဦးနှင့်တစ်ဦးတည့်သော်လည်း တစ်ခြံတည်းအတူမလုပ်နှင့်။

၇၀။ ထင်းရှူးသည်က ထင်းရှူးသားနှင့်မီးထည့် ငါးသည်က ငါးချိုး သာစားရ။

၇၁။ ခေါင်းဖိုက ခေါင်းမကိုကပြုပြီး အနုနည်းနှင့်ချစ်ရေးငင်သည်။
မင်းကမိန်းမကိုအာဏာပြုပြီး အကြမ်းနည်းနှင့် သိမ်းပိုက်သည်။

၇၂။ ထားမကအလုပ်နှင့်မတူ၊ တူ၊ တူမသည် သားသမီးနှင့်မတူ သားသမီးသည် မယားနှင့်မတူ ပစ္စည်းဥစ္စာသည် ပညာနှင့် မတူ။

၇၃။ နဖူးကွဲဖူးသည့်လက်ဖွေ့ဆရာက သိုင်းဆရာဓားခုတ်ခံရတာ မကဲ့ရဲ့ပါနှင့်။

၇၄။ နံနက်စောစောထလျှင် အနားယူရန်အချိန်ရသည်။
နေ့လယ်နေ့ခင်းအိပ်လျှင် အလုပ်ချိန်လျော့နည်းသည်။

၇၅။ နာမည်မရှိသော စခန်းတွင် အိပ်ခြင်း၊ နားခြင်း၊ မပြုနှင့်။

၇၆။ နောင်ကြဉ်အောင်ပုတ် ကြောက်အောင်ချ။

၇၇။ ပွဲပြီးမှ အဝတ်သစ်ဝတ်လျှင် သူများမချီးမွမ်းပါ။

၇၈။ ပွဲပြီးမှ ဆံပင်ညှပ်ခြင်းသည်မကောင်း။
လှေကားပေါ်ကလိမ့်ကျပြီးမှ လက်ရမ်းကိုပြုပြင်ခြင်းသည် မကောင်း။

၇၉။ ပျံလွှားတာအမြင့်ပျံသော်လည်း မြေကြီးပေါ်ကိုသာ ကျသေ ရတယ်။

၈၀။ ပဒူကိုကြောက်၍ ပြေးလွှားရာ ခွေးလှေးများနှင့်တွေ့။
ခွေးလှေးများကို ကြောက်လို့ပြေးပြန်တော့ ညဥ့်ပဒူနှင့် ထပ်တွေ့။

၈၁။ ပြည်ရေးပြည်ရာစကားနားထောင်လျှင် စိတ်မကောင်း။
ချစ်သူရည်းစားစကားနားထောင်လျှင် စိတ်ကောင်းသည်။

၈၂။ ပါးစပ်ရှိပြီးစကားမပြောတတ်လျှင် လျှာကလည်ပင်းကိုပတ်ပြီးဖြတ်မည်။

၈၃။ ပေါ့ပေါ့နေသော လူတစ်ယောက်သည် အသောလူဆယ်ယောက်နှင့်မတူ။

၈၄။ ပြောသာပြော ရယ်သာရယ်... ကိုယ့်ဟာကိုယ်ဘာမှန်းမသိ

၈၅။ ဖြည်းဖြည်းလုပ်သွားလျှင် ပန်းတိုင်ရောက်သလို နာတာရှည်ဖြစ်လျှင် သေပျောက်တတ်သည်။

၈၆။ ဘာပဲလုပ်လုပ်ကဲကဲလုပ်ပါ။ နောက်ဆုံးမရှိသော်လည်းမငတ်ပါ။

၈၇။ ဘုန်းကြီးကျောင်းသို့ အလှူအတန်းမရောက်လျှင် နောင်ဘဝအတွက် ဘာမျှမျှော်လင့်ချက်မရှိ။

၈၈။ မနေတတ်သူဟာ မောမှာပဲ။

၈၉။ မိကျောင်းမရှိသောကန် လူမိုက်မကြောက်။

၉၀။ မိုးမရှိသောဒေသ ခြီလုပ်ပြီးမစောင့်နှင့်။

၉၁။ မျက်စိရှိပြီး မကြည့်တတ်လျှင် စိတ်ရှုပ်ထွေးတတ်သည်။

၉၂။ မင်းဖြစ်ပြီးတော့ ကျေးကျွန်မချစ်လျှင် လိမ္မာသည်ဟု မဆိုနိုင်။

၈၃။ မြင်းများကို ကျွဲခတ်သလို (ဥပမာပေး)

၉၄။ မျက်နှာပြောင်သည့်လူ စကားများသည်။ သွားသေးသည့်လူသွားဖြဲတတ်၏။

၉၅။ မြစ်ဆိပ်ကိုကျော်လွန်၍ မပြီးမှီ အမြီးကိုမမြှောက်ပါနှင့်။
လမ်းကိုကျော်ဖြတ်မပြီးမှီတင်ကို မမြှောက်ပါနှင့်။

၉၆။ မချစ်သော်လည်း အောင့်ကာနမ်း။
မရှင်လန်းသော်လည်း သည်းခံပြီးမွှေးမွှေးပေး။

၉၇။ မြေကြီးပေါ်မျက်နှာငုံ့နေပါ။ တစ်နေ့ထင်ပေါ်လာလိမ့်မည်။

၉၈။ မွန်းလွဲမှ စပါးလှမ်းလျှင် စပါးခြောက်သော်လည်း မထောင်းအား။

၉၉။ မစားရက်လောက်တက်။

၁၀၀။ မပေါက်သောခွေးသည် ကိုက်တတ်၏။ စကားမပြောသူသည် မိုက်တတ်၏။

၁၀၁။ မြန်ချင်လျှင်တွား၊ နေးချင်လျှင်ပြေး။

၁၀၂။ ယမ်းထောင်းရင်းဆေးလိပ်သောက်လျှင် အနေးအမြန်သေပျောက်မည်။

၁၀၃။ ယောက္ခမအိမ်မှာ ဆင်းရဲသောသမက် မျက်နှာငယ်သလောက်ချမ်းသာသောသမက်အဖို့ မျက်နှာကြီးသည်။

၁၀၄။ ယာကောင်းသော်လည်း စိတ်ကောင်းနှင့်မလုပ်။
စိတ်ကောင်းသော်လည်း ယာကောင်းမလုပ်ရ။
၁၀၅။ ယာလုပ်ပြီး သစ်ငုတ်မီးမရှို့သောသူကို ယာလုပ်တတ်
သော်လည်း အတုမယူနှင့်။
၁၀၆။ ရေကန်ကိုခွဲခွာသောလိပ် တစ်နေ့သေဘေးတွေ့မည်။
၁၀၇။ ရေစီးသန်သောမြစ်တွင် လှေကောင်းကိုမယုံရာ။
ကျားဆိုးနှင့်တွေ့သောအခါ ကံကိုမယုံရာ။
၁၀၈။ ရွာငယ်ကလူကြီးအသိသည် ရွာကြီးက ကလေးကိုမမီ။
၁၀၉။ ရှေ့သွားနောက်မေ့
၁၁၀။ ရအောင်ယူ လွတ်အောင်ပြေး
၁၁၁။ ရှေ့ဘက်ကပေါင်မှာ နောက်ဘက်ကပေါင်လောက်
အသားမများ
၁၁၂။ လူကိုးယောက်၊ ခေါင်းဆောင်ဇုဦး။
မီးမွှေးရန်ထင်းရှာ၍မရ။
၁၁၃။ လင်ရှိပြီးရည်းစားထားလျှင်တစ်နေ့အမှုတွေ့ရမည်။
၁၁၄။ လယ်ရှိလျှင် ရှမ်းရှိသည်။
၁၁၅။ လယ်ကွက်မကောင်းက ပျိုးပင်အများကြီးကုန်သည်။
မျက်နှာမလှက ပန်းအများကြီးကုန်သည်။

၁၁၆။ လူပေါ်ကြွေသည် တစ်နှစ်လုံးစကားပြော၏။ လူလိမ္မာမှာမူ
ကားအချိန်အခွင့်ကိုလိုက်၍သာ ပြောတတ်သည်။
၁၁၇။ လယ်လုပ်ပြီး ချောင်းမဆည်လျှင် လိမ္မာသည်ဟု မယူဆနှင့်။
၁၁၈။ လုပ်သမျှ စားမဝ။
၁၁၉။ လူပျင်း လူဖိန်းကို အဖော်လုပ်လျှင် စိတ်မောရသည်။
စကားများများပြောလျှင် အလုပ်ဖင့်သည်။
၁၂၀။ လှေရှိပြီး လှော်တက်မရှိသောသူနှင့် မလိုက်ပါနှင့်။
၁၂၁။ လူတန်းစားများ စစ်စကားပြော၍ စိုးရိမ်ကြသည်။
စစ်သားများ ရယ်စရာပုံပြင်ပြော၍ ပျော်ရွှင်ကြသည်။
၁၂၂။ ဝက်ဝံတို့ ကျားတို့ထက် ပါးစပ်ပေါက်ကိုကြောက်ပါ။
၁၂၃။ သစ်ပင်ခုတ်လှဲလျှင် အဖျားကိုကြည့်ပါ။
၁၂၄။ သမက်သတ္တိရှိ မရှိသိချင်လျှင် မျက်ဆံဝါးခွဲခိုင်းကြည့်။
၁၂၅။ သားလုပ်စာ စားချင်လျှင် ချွေးမကိုချစ်ပါ။
၁၂၆။ သားဦး အပြောရခက်သလောက် သားထွေး အပြောရ
လွယ်သည်။
၁၂၇။ သူ့ထမင်းစားပြီး သူ့အတင်းမပြောနှင့်။
မိုးကြိုးမပစ်သော်လည်း ဆင်းရဲတာရှည်သည်။

၁၂၈။ သည်းခံနိုင်လျှင် ရွှေတုံးဖြစ်သည်၊ သည်းမခံနိုင်လျှင် သစ်တုံး ဖြစ်သည်။

၁၂၉။ သုံးလင်ကွာသော မိန်းမကိုမကြောက်သောသူသည် အသော သူဖြစ်၏။

၁၃၀။ သစ်တစ်ပင်တည်းနှင့် တောကြီးဂနိုင်ကြီးမဆိုနိုင်။

၁၃၁။ သားသမီးရှိသော် ခိုင်းစားဖို့ ငွေစုစောင်းထားသော် အိုနာဖို့။

၁၃၂။ သီလမမြဲလျှင် တစ်နေ့အရှက်ကွဲတတ်သည်။

၁၃၃။ သေချာစွာမထိုင်ရသေးမီ ခြေမဆင်းပါနှင့်။ မစားရသေးခင်ချက်သောသူကို အပြစ်မတင်ပါနှင့်။

၁၃၄။ အိုခါမှ လိမ္မာ ခြေကျိုးပြီးမှ အလုပ်လုပ်ချင်။

၁၃၅။ အဝေးသို့ခြီသွားလုပ်လျှင် မြင်းများမဝင်သော်လည်း နွားများ ဝင်တတ်သည်။

၁၃၆။ အလှူဒါန ကျောင်းမဆောက်ဘဲနှင့် အနာဂါတ်ဘဝမတောင့် တနှင့်။

၁၃၇။ အချောင်းတစ်ရာရှိသောမြား လူအများမချိုးနိုင်။

၁၃၈။ အရုပ်ဆိုးလျှင်စုန်း

၁၃၉။ အညီအဟောက်မရှိတဲ့အိမ် ကြောင်တက်မလာ။

၁၄၀။ အသိဉာဏ်မရှိသောသူသည် အပေါက်မဖောက်ရသေးသော ရေဘူးနှင့်တူသည်။

၁၄၁။ အနားမနေတတ်သူအဖို့ အားလပ်ချိန်မရှိ။

၁၄၂။ အသုံးမကျသောသူသည် ငယ်ငယ်ကပင် ထူပိန်းသည်။

၁၄၃။ အဝေးမှာရှိသောရေသည် ခြောက်သွေ့နေသည့်ယာမြေအား မစွတ်စိုနိုင်။

၁၄၄။ အရိပ်ခိုလျှင် အခက်မချိုးနှင့် ကျားမကိုက်လျှင် မြွေပေါက်မည်။

၁၄၅။ အငယ်ကအကြီးကိုနိုင်လျှင် အိမ်ဆူသည်။ အမေအိုစိတ်ညစ် ရသည်။

၁၄၆။ အသားကို ကြောင်နှင့် မစောင့်ခိုင်းနှင့်။ လူမမာကို စုန်းနှင့် မစောင့်ခိုင်းနှင့်။ အရိုးများကို သွားကျိုးသောသူကို မပေးနှင့်။

၁၄၇။ အထမတော်လျှင်ထနေပါ။

၁၄၈။ အမျိုးချင်းချစ်လျှင် အလကားပေး အရောင်းဝယ်လုပ်လျှင် တစိမ်းကိုလုပ်။

၁၄၉။ အိမ်နေသူသည် အစားတော်သလောက် ဈေးသွားသူအဖို့ စားချင်ရာစားရသည်။

* * * * *

ကချင်

တိုင်းရင်းသား စကားပုံများ

၁။ အုပ်စုကွဲလျှင် ကျားကိုက်သည်။

၂။ အိမ်ရှင်ပျင်းက ဝိုင်းကူသူပေါ်၏။

၃။ လူ့စိတ်လှုပ်လျှင်မြင် သစ်ရွက်လှုပ်လျှင်မြင်

၄။ အထိုင်ကြာက လောက်စာလုံးနှင့်တွေ့။
အရောင်းကြာက အရှုံးနှင့်တွေ့။

၅။ လူသုံးယောက်ညီညွတ်က ပင်လယ်ရေကိုပက်လို့ရ။

၆။ ဝင်ခါနီးနေသည်ပူသည်။ သေခါနီးမှ မယားလိုချင်။

၇။ လက်ဝဲရစ်သောနွယ်ကြိုးပြန်လျှော့ကျတတ်။

၈။ မိန်းမရွေးက ဝဝကြီးနှင့်တွေ့။
ယာတောရွေးက တောအစွန်းသို့ရောက်။

၉။ တွေဝေငေးမောက အလုပ်မပြီး လုပ်မှပြီး၏။

၁၀။ ထမီရှည်ရှည်ဝတ်သင့်ဝတ် တိုတိုဝတ်သင့်ဝတ်။

၁၁။ ထမင်းဆာမှ ထမင်းမချက်နှင့်။

၁၂။ စကားမှာ ရွှေဖြစ်။

၁၃။ တောင်ယာခုတ်များလျှင် တစ်နှစ်၊ မယားယူများလျှင် တစ်သက်။

၁၄။ ကြာကြာနားသောငှက် မြားမှန်၊ ကြာရှည်ထားရောင်းကုန် ရှုံးတတ်။

၁၅။ စကားဟောင်းပြန်ဖော် နံစော်သည်။

၁၆။ ဆင်ကြီးမြေပြင်သွားမြေလှုပ်။

၁၇။ ငှက်မင်းအမြီးက အမြီးဖျားမှာသာပေါ်။

၁၈။ ချီးမွမ်းခံရသောကလေး ချော်လဲတတ်။

၁၉။ ကြောက်လျှင်မလုပ်နှင့် လုပ်လျှင်မကြောက်နှင့်။

၂၀။ ပိန်းဥမဖုတ်တတ်လျှင် တူးတတ်သည်။
ငွေအကြွေးမတောင်းတတ်လျှင် ကြွေးပျောက်တတ်သည်။

၂၁။ ဆင်းရဲလို့လည်းမငိုနှင့်။ ငွေချမ်းသာလို့လည်း ဘဝင်မမြင့်နှင့်။

၂၂။ မိန်းမစပ်စုလျှင် ငွေအကြွေးတင်ခံရသည်။
ယောကျ်ားစပ်စုလျှင် အစားစားရသည်။

၂၃။ ခွေးကောင်းသည် လူကောင်းကိုမဟောင်။
လူကောင်းသည် သူတစ်ပါးကိုမကဲ့ရဲ့။

၂၄။ အနင်းခံရသောစပါး သန်သည်။
အကဲ့ရဲ့ခံရသူမှ လိမ္မာသည်။

၂၅။ ကြက်လွတ်လျှင် နေသာသည်။
စကားလွတ်လျှင် မည်သို့မျှမတတ်နိုင်။

၂၆။ ရန်သူအောက်ကနေပြီး ဗိုက်ကိုက်၍ အနိုင်မယူပါနှင့်။

၂၇။ ကလေးကျပြီးသည့်နောက်မှ လှေကားထောင်သည်။
ရန်သူပြန်ပြီးသည့်နောက်မှ ဒူးလေးပြသည်။

၂၈။ ကလေးကို ကျီစားလျှင် အရှက်ကွဲတတ်သည်။
ခွေးကိုကျီစားလျှင်ပါးလျက်ခံရသည်။

၂၉။ ကိုယ်တူးသောကျင်းကိုယ်ကျ ကိုယ်ကိုင်သောဓားကိုယ့်ရှ။

၃၀။ ကျွန်မချည်ငင်၊ ဝမ်းဘဲဥအု။

၃၁။ ကြက်မတွန်၍ မိုးမလင်း။ မိန်းမဖျတ်လတ်၍ ရွာမတည်နိုင်။

၃၂။ ကြက်မ မအုသေးမီ ဥဘယ်နှစ်လုံးရလိမ့်မည်ဟု ရေတွက် မနေပါနှင့်။

၃၃။ ကိုယ့်သားသမီးဆုံးမလျှင် သူတစ်ပါးသားသမီးလိမ္မာ၏။

၃၄။ ကိုယ်တစ်ယောက်တည်းသိရုံနှင့် တိုင်းပြည်ကိုမလွှမ်းမိုးနိုင်ပါ။

၃၅။ ကံတုံးပေါ်၌ သန်းရှာ၍ မတွေ့နိုင်။

၃၆။ ကြက်ကိုကြည့်၍ ခြင်းကြားရက်သည်။

၃၇။ ခဲမျှားဖိတ်ကျလျှင် အကုန်ကျတတ်သည်။ ခါချဉ်များလည်း အုံလျှင် အစုလိုက်အအုံလိုက် အုံတတ်သည်။

၃၈။ စပါးစားတော့ဝက်၊ အခေါက်ခံရတော့တုံး (ကုလားတက်)

၃၉။ စကားချိန်တာနား၊ အစာစိတ်တာသွား။

၄၀။ စကားကောင်းမည်သည် တစ်ခွန်းတည်းရွှေတန်၏။

၄၁။ စားသောက်ရမည့် ကိစ္စ၌ မျောက်အုပ်ကဲ့သို့များလည်း လုပ်ရမည့်ကိစ္စ၌ တစ်ယောက်တည်းအပင်ပန်းခံရသည်။

၄၂။ စိတ်ကူးယဉ်နေသူသည် အမောသာ အဖတ်တင်သည်။ ကောင်းစွာအိပ်ပြီး လက်တွေ့လုပ်နိုင်သူသည် စားရသည်။

၄၃။ စဉ်းစားလျှင်ပိုင် လုပ်လျှင်နိုင်။

၄၄။ စပါးစားတော့ဝက် တုတ်ထိတော့တစ်ခြား။

၄၅။ ဆင်ခြေလှမ်းကိုလိုက်လှမ်း၍ နံပြည်စုတ်ငှက်ပေါင်ပဲ့ရသည်။

၄၆။ ဆာနေသူထမင်းမချက်သင့်၊ အလျင်လိုသူဦးဆောင်မပြုသင့်။

၄၇။ ဆင်ကြောက်လျှင် နှာမောင်းဘက်ကျတတ်သည်။

၄၈။ ဆင်အရင်လိုလည်းကိုင်းတော့မလှုပ်ပါ။
မျောက်အရင်လိုလည်း ကိုင်းတောမလှုပ်ပါ။

၄၉။ ဖွဲ့ကကျောရိုး ဝိရိယမှထမ်းပိုး။

၅၀။ ညီအစ်ကိုများကို စွန့်ပစ်ရန်ချောက်ကမ်းပါးမရှိ။
ဖက်နွမ်းခြောက်များကိုပစ်ရန်သာ ချောက်ကမ်းပါးရှိသည်။

၅၁။ တွေ့မြင်သူက အံ့သြ၊ ထင်မြင်သူက အသိစော။

၅၂။ တစ်ဦးအသိဉာဏ်ကမ္ဘာမနှံ့။

၅၃။ တောတိရစ္ဆာန်ရခါနီးမှာ မောင်းပြုတ်တတ်ပါသည်။
ငှက်ရခါနီးမှာ ကိုင်းတံကျိုးတတ်ပါသည်။
အမဲရခါနီးမှာ စိုင်ပေါင်ပြုတ်တတ်ပါသည်။

၅၄။ ထိုင်နေသူမရှေ့ သွားသူရောက်၏။

၅၅။ ဒူးလေးပစ်လျှင်သာလွဲမည် သေမှာကတော့မလွဲပါ။

၅၆။ မားကိုမဆေးလျှင် သံမကောင်းပါ။
သားကိုမဆုံးမလျှင် ယောက်ျားမပီသပါ။

၅၇။ ဓားမကိုင်တတ်လျှင် တောမသွားရ။
ဂျပ်ခုတ်ထမီမရက်တတ်လျှင် လင်မရ။

၅၈။ ပါးစပ်ကတဖွဖွပြောနိုင်သော်လည်း လက်သေနေသဖြင့် မလုပ်မကိုင်နိုင်။

၅၉။ ပီစားဖောင်း မီးဖို၍ မီးလှုံသလို။
(ပီစားဖောင်းဆိုသူ လူမိုက်တစ်ယောက်သည် မြစ်တစ်ဘက်

ကမ်း၌ မီးဖိုပြီးလျှင် မြစ်၏အခြားတစ်ဖက်ကမ်းသို့ ကူးပြီးမှ မီးလှုံကြောင်း ကချင်ဒဏ္ဍာရီရှိသည်။)

၆၀။ မနောအကကို ဦးမဆောင်တတ်လျှင် ကွင်းကိုသာလှည့်ပတ်နေရတတ်သည်။

၆၁။ မရှိတာသက်သာ မသိတာအခက်ပွား။

၆၂။ မိုးရွာ၍ ရေစိုသည်။

၆၃။ မိုးကိုမယုံရသကဲ့သို့ အုပ်ချုပ်သူတို့၏ စိတ်ကိုလည်း မှန်းဆနိုင်ရန် ခဲယဉ်းသည်။

၆၄။ မိုးကိုမကြောက်ဘဲ ခံနေလျှင်စိုသည်။
မိဘကိုအာခံလျှင် သေတတ်သည်။

၆၅။ မိတ်လည်းပွားစေ ရန်လည်းပြေစေ နတ်များလည်းပျော်စေ။

၆၆။ မိန်းမစိတ်ဆိုးလျှင်ဆဲ ယောက်ျားစိတ်ဆိုးလျှင်လက်သရဲ။

၆၇။ မိန်းမရှက်လျှင် မီးရှို့ ယောက်ျားရှက်လျှင်လူသတ်။

၆၈။ မှိုရှာမှားကောင်တွေ့။

၆၉။ ပွဲချင်လျှင် မိန်းမယူပါ။

၇၀။ အမွေးသေးသောကလေးကို မချီချင်ပါနှင့်။

၇၁။ မသွားဘဲနှင့်မရောက်၊ မမေးဘဲနှင့်မရ။

၇၂။ လူကိုကြည့်၍ကဲ့ရဲ့၊ အသံကိုကြည့်ပြီးတစုချဲ့။

၇၃။ လူ၏မိခင်အိမ်ရှင်မ မီး၏မိခင်သစ်တုံးစ

၇၄။ လျှပ်ပလောင်ဖျက်တော့ရှာပျက်။

၇၅။ သံမီးညှပ်နှင့်ကိုင်လျှင် မပူမပြုတ်နိုင်။

အများလက်နှင့်ဝိုင်းကိုင်လိုက်လျှင် မညွတ်နိုင်။

စုရုံးပေါင်းဝိုင်းလုပ်လျှင် အမြန်အောင်မြင်ပြီးစီးနိုင်။

၇၆။ အလျှင်လိုလျှင် လဲတတ်သည်။

အသိများလျှင် အရည်ပျော်တတ်သည်။

၇၇။ အသိပညာသည်အဖျား အတတ်ပညာသည်အရင်း။

၇၈။ အပေါက်တစ်ရာပိတ်နိုင်သော်လည်း ပါးစပ်တစ်ရာပိတ်ရန်

မလွယ်ကူ။

၇၉။ အကြံကုန်သူဆားချက်စား။

ဉာဏ်ကုန်သူသားသမီးပွားများ။

(အကြံကုန်ဂဠုန်ဆားချက်၊ ဉာဏ်ကုန်သားသမီးဖက်)

၈၀။ အလုပ်ဆိုလျှင် ငါ့သာပန်း၊ စားချိန်တန်တော့ မျောက်လိုရမ်း။

၈၁။ အူကိုဆွဲလျှင် အသည်းကနာသည်။

၈၂။ ညှော်လာလျှင် အိမ်သာယာသည်။

* * * * *

"ချင်း"
တိုင်းရင်းသား စကားပုံများ

၁။ ကြိုးရှည်လျှင်ရှုပ်သည်။

၂။ ကောင်းစွာပေးကမ်းစွန့်ကြဲလျှင်ရှင်သည်။

လောဘရှေ့ထားလျှင်သေသည်။

၃။ ကလေးသည် နွားနောက်မြီးကဲ့သို့ ဆော့တတ်သည်။

၄။ ကြွက်ပြေးမှ ကြောင်နိုင်သည်။

၅။ ကြွက်မဲမှကြွက်ဖြူပေါက်ရိုးမရှိ။

၆။ ကိုယ့်မျိုးစေ့ကိုယ်ရိတ်ရမည်။

၇။ ကျောက်ခဲအပေါ်ပစ်လျှင် ကိုယ့်ခေါင်းပေါ်ပြန်ကျတတ်သည်။

၈။ ကွန်မပစ်တတ် ကိုယ့်ကိုယ်ကိုပြန်ဖုံး။

၉။ ကြက်မငို၍ တောကြောင်ရယ်

၁၀။ ကျားသေ၍ မြွေပါသွားနာ။

၁၁။ ကြက်များအမျိုးပျောက်ခါနီးလျှင် တစ်ကောင်နှင့်တစ်ကောင် ဆိတ်ကြသည်။

၁၂။ ကလေးနှင့် နွားနောက်အမြီး အငြိမ်မနေ။

၁၃။ ကြက်တူရွေးကျက်စားရာ အရပ်သို့သွားလျှင် ကြက်တူရွေး အစာကိုသာစား၍ မျောက်ကျက်စားရာနေရာသို့သွားလျှင် မျောက်အစာကိုသာစားပါ။

၁၄။ ကြွက်ပြေးပြီးမှ ကြောင်နိုးသည်။

၁၅။ ကြမ်းတမ်းသောစကားကြောင့် နွားနောက်လျှော်ရသည်။ နူးညံ့သော စကားကြောင့် နွားနောက်ကြွေးကြေနိုင်သည်။

၁၆။ ကြံသူက ကိုးနှစ်ကြံ ရှောင်သူက သုံးနှစ်မရှောင်နိုင်။

၁၇။ ကိုယ့်အိမ်ထဲမှာကိုယ်ရဲ။

၁၈။ ကြက်မကို သတ်ပစ်သည်နှင့် ဝပ်ကျင်းကြက်ဥများကိုပြုတ်စားသည်။

၁၉။ ကြက်ကလေးလောဘကြီး တောင်းမှောက်ခံရ။

၂၀။ ခြတောင်ပို့ရှိမှ ပလူကောင်ဖြစ်မည်။

၂၁။ ကလေးတွေရှေ့ကထားလမ်းတိုသည်။

၂၂။ ချမ်းသာသောသူ "နွားနောက်" ကြိုးရှေ့ရာသာကိုင်သည်။

၂၃။ ခွေးအင်္ကျီရပ်များကို ထိတွေ့၊ ရှာဖွေရခက်ခဲသည်။

၂၄။ ခွေး ခေါင်းအုံးလုပ်သလို ပုတ်သင်ညို ရက်ကန်းယက်သလို။

၂၅။ ချောင်းရေခမ်းသလို မျိုးရိုးမခမ်းမပျောက်။

၂၆။ ခွေးနှင့်ဆိတ်အတူထားသလို။

၂၇။ ခွေးနှင့်အရိုးအတူထားသလို။

၂၈။ ခွေးဟောင်တိုင်း လူကိုက်တတ်သည်မဟုတ်။

၂၉။ ခြသေ့်ငတ်၍မတတ်နိုင်သောအခါ ဘဲကိုစားသည်။

၃၀။ ချေကောင်လေးသည် အမေချေကောင်ကဲ့သို့နီသည်။

၃၁။ ချေမအရောင်နီ၍ ကလေးပါနီသည်။

၃၂။ ချေမဖမ်းဘဲ တောဝက်ကိုကြံ။

၃၃။ ကုန်းချောစကား နာအနာဆိတ်သလို။

၃၄။ ငယ်သောအမှုမကြီးစေနှင့်။

၃၅။ စကားကျွံလျှင် ဒုက္ခတွေ့

၃၆။ စမ်းရေလျှံ ဆင်းရဲသူချမ်းသာ

၃၇။ စိတ်ကူးယဉ်မိုးမလင်း

၃၈။ စာကလေးအိမ်သစ်နှစ်သက်သလို

၃၉။ စိတ်မများနှင့် နားရွက်ပြတ်လိမ့်မည်။

၄၀။ စကားများများ လူနားမထောင်နိုင်။

၄၁။ စိတ်ထဲကိုယ်ဝန်ရှိနေသလိုမျိုး။

၄၂။ စာကလေးခေါင်းဖော်သကဲ့သို့။

၄၃။ စစ်သူရဲကောင်း စစ်ပွဲမှာသေသည်။
တိရစ္ဆာန်ပေါ်ရဲသူ တိရစ္ဆာန်နှင့်သာသေရသည်။

၄၄။ စားလိုသဖြင့် မွေးချင်းညီအစ်ကိုမသိ။

၄၅။ ဆတ်ထိီးသည်ရွာကိုသာရှင်လန်းစေသည်။

၄၆။ ဆန္ဒမတူ၊ မျက်စိတူ။

၄၇။ (ဆိမ်) တွင်ပေါက်သောအပင်များတစ်ကြိမ်တွင်ပွင့်၍တစ်ကြိမ်
တွင် (ဇို) တွင်ပေါက်သောအပင်များပွင့်လေ့ရှိသည်။
(ဆိမ် = ထွင်ပြီးသောယာတော)
(ဇို = သစ်ရိုင်းတော)

၄၈။ ဆင်ကိုယ်ကောင် အမြီးကျူမှတစ်။ (ဆင်ကိုယ်တောင်ဝင်နိုင်
ပြီးသား အမြီးမဝင်နိုင်)

၄၉။ ဆင်ပြောင်အစွယ်ပြန်မဝင်။

၅၀။ တောဝက်စွယ် ထွက်ပြီးပြန်မဝင်။

၅၁။ တရားသူကြီးသည် အမှုများကိုဆုံးဖြတ်နေရင်း အမှားပြုမိ
တတ်သည်။

၅၂။ တံငါနားနေတံငါ၊ မုဆိုးနားနေမုဆိုး။

၅၃။ တစ်ကြိမ်မမှားဘူးသူနှင့် လမ်းဘေးခြေမချော်ဘူးသူဟူ၍မရှိ။

၅၄။ တစ်ရွာပြီးတစ်ရွာ ပြောင်းရွှေ့နေသူသည် ချမ်းသာကြွယ်ဝ
သူဟူ၍မရှိပါ။

၅၅။ တိမ်မရှိဘဲ မိုးမရွာ။

၅၆။ တောကောင်မဖမ်းရသေးခင် ရန်သူကိုဖမ်းချင်သည်။

၅၇။ တစ်စေ့တစ်စေ့ဖြည့်လိုသာဆပ်၊တင်းတစ်ရာပြည့်နိုင်သည်။

၅၈။ ထင်းပုံ့နှင့်ကျောက်ခဲပုံ့ တွဲလို့ကောင်း။

၅၉။ ထိုးထားသော ရောင်ထုံးတောင်မှ ရန်သူဖြစ်လာတတ်သည်။

၆၀။ ဒါခြေ၊ ဒါပုခုံး၊ အချင်းချင်းရန်မဖြစ်သင့်။

၆၁။ နာဒတောမီးလောင် ကလေးမြို့ကူးသည်။

၆၂။ နံ့သာတောင်မီးလောင်၊ ကလေးမြို့ကမြင်ရသည်။

၆၃။ နွားနောက်ဝင်ပြီးမှစည်းရိုးကာသည်။

၆၄။ နွားနောက်အနက်အချင်းချင်းခင်မင်ကြသည်။

၆၅။ နောက်တစ်တောင် ရှေ့တစ်လံ။

၆၆။ နွားနောက်မ၏ ဦးချိုကို ပွဲလမ်းသဘင်၌ အသုံးပြုခြင်းမရှိ။

၆၇။ နွားနောက်ချို ရှည်သော်လည်း ယဉ်၏။

၆၈။ နွားနောက်အဖြူ အဖြူချင်း အမည်း အမည်းချင်း ခင်တွယ်
ကြ၏။

၆၉။ နပန်းမလုံးမီ ခြေကလိန်ထိုးသည်။

၇၀။ ပြန်ခါနီးမှ ပိန်းဥမီးဖုတ်သည်။

၇၁။ "ပြုံခါ" ငှက်အစာရှာလို၍ ယက်ရင်းအန္တရာယ်တွေ့ရ။

၇၂။ ပိန်းဥအကြီးစပ်လျှင် အသေးလည်းစပ်သည်။

၇၃။ ခွေးလေးပြောမရလမ်းပေါ်ကျ။

၇၄။ ပိန်းဥအရင်းယားလျှင် အဖျားထိယား၏။

၇၅။ ပုရွက်ဆိတ်ပိုးဖလံတောင်မှ အကြီးအကဲထားသည်။

၇၆။ ပျင်းရိသောသောသူသည် စွန်ပျံကိုမြင်တတ်သည်။

၇၇။ ပန်းများပွင့်နေတိုင်း အသီးမသီး။

၇၈။ ပွဲခင်းထဲကျင်ငယ်စွန့်သလို။

၇၉။ ပစ်၍ထိပြီး မသေသောအမဲကောင်က ဒဏ်ရာမရသော အခြားအမဲကောင်ကို သေဆုံးစေသည်။

၈၀။ ဗမာဆင်းရဲလျှင် ပိုးထည်စကိုဝတ်သည်။

၈၁။ ဘူးသီးအပေါက်တစ်ရာ ပိတ်လို့ရသော်လည်း ပါးစပ်တစ်ပေါက်ကို ပိတ်လို့မရနိုင်။

၈၂။ ဘာမဆိုကံကြမ္မာပေါ်မှာတည်သည်။

၈၃။ ဘုတ်ငှက်ပျံသည်ကိုလိုက်သော် ပြည်မရောက်မည်။

၈၄။ မမြင်ရသောတောင် မသွားနှင့်။

၈၅။ မီးခိုးထွက်သော တောင်၌ ဂူရှိတတ်သည်။

၈၆။ မုဆိုးမသဘောနှင့် ညတွင်အစာရှာသောတိရစ္ဆာန်စိတ်တို့တူညီသည်။

၈၇။ မိဘမဲ့ကလေးနားထိုင်းသည်။

၈၈။ မမျှော်လင့်ဘဲကောင်းမှုပြုရတတ်သည်။

၈၉။ မိန်းမအမိန့်နှင့် နွားနောက်မဦးချိုမတီးနိုင်။

၉၀။ မျောက်တောင်ယာစောင့်သလို

၉၁။ မြန်မာပြည်မှာနေ မြန်မာလိုနေ။

၉၂။ ဖမတ္တာဖြင့် အရင်းတည်လျှင် မေတ္တာတုံ့ပြန်တတ်၍ ရန်ဖြင့်အရင်းတည်လျှင် ရန်တုံ့ပြန်တတ်သည်။

၉၃။ မင်းစိုးရာဇာအနီးထိုင်၊ စမ်းရေနားတောင်ယာခုတ်။

၉၄။ မျောက်ချီးဝေသလို။

၉၅။ မြေကြီးကိုပိုင်းဖြတ်မိပြီးမှ ပြန်ဆက်ရန်ခက်ခဲသည်။

၉၆။ မျက်စိနှင့်မရွေး နားနှင့်ရွေး။

၉၇။ မသေခင်လှေလုပ်

၉၈။ မမျှော်လင့်လည်းဖြစ်တတ်သည်။

၉၉။ များများလိုချင်လည်း နည်းနည်းရ။

၁၀၀။ မျက်ကန်းမျှော်လင့်သလို

၁၀၁။ မျောက်ငါးပက်သလို။

၁၀၂။ မိန်းမစကားနှင့် မဆုံးဖြတ်နှင့် နွားနောက်မ၏ချိုကို တီးပြီး
ပွဲမလုပ်နှင့်။

၁၀၃။ မြေပြိုစရာရှိလျှင် ဆက်ပိုပြီး၊ လူသေစရာရှိလျှင်ဆက်သေသည်။

၁၀၄။ မထိုင်သေးဘဲခြေဆန့်ချင်သည်။

၁၀၅။ မိန်းမနှင့် ငုံးအတူတူ။

၁၀၆။ မိန်းမယူ ဝက်စားခွက်ထောင်

၁၀၇။ မိုးရွာသော်လည်း အမဲလိုက်ရန်တောမီးရှို့နိုင်သည်။

၁၀၈။ မိန်းမများလေလည်လျှင် နောက်သို့လှည့်။

၁၀၉။ မစင်များလွန်းလျှင် ဝက်မစားနိုင်။

၁၁၀။ မြင်းခြေရာများလည်း မတူနိုင်။

၁၁၁။ ယောက်ျားစကား နှီးချည်ထားသလို

၁၁၂။ ယောက်ဖမစော်ကားနှင့် ရှူးတတ်သည်။

၁၁၃။ ယာကြွက်က အိမ်ကြွက်ကိုချသလို။

၁၁၄။ ယုံကြည်သောသမီးတိတ်တဆိတ်ဖောက်ပြန်၍ ကိုယ်ဝန်ဆောင်
သည်။ ချီးမွန်းသော မျောက်ဥပိုးထိုးခေါင်းကြီးဖြစ်သည်။

၁၁၅။ ရုပ်ရည်ကိုမကြည့်၊ စိတ်နှလုံးအမူအရာကိုကြည့်ရာသည်။

၁၁၆။ ရန်သူကိုကြောက်၍ပြေးသူသည် ရန်သူနှင့်ပင်တွေ့တတ်သည်။

၁၁၇။ ရေနှင့်ငါးလို

၁၁၈။ ရန်သူ့လက်နှင့်သေ၊ ကမ်းပါးတွင်လည်းကျ။

၁၁၉။ ရေနှင့်မီးဟူသည် ရန်ဘက်။

၁၂၀။ လမ်းဖြောင့်မှ သွားချင် အမှုကောင်းမှ ဆောင်ရွက်ချင်။

၁၂၁။ လူကြီးဗီဆန်ဒုက္ခရောက်မည်။

၁၂၂။ လဲရာဆင်နင်း

၁၂၃။ လိုချင်သော်လည်းရှက်၏။

၁၂၄။ လှသူသည် တောင်းအပြည့်သယ်ဆောင်နိုင်သည်။

၁၂၅။ လက်ချောင်းလိုလုပ်။

၁၂၆။ လင်မယားညီလျှင် ရွာတစ်ရွာက မတိုက်နိုင်။
ရွာတစ်ရွာညီလျှင် ရွာကိုးရွာမတိုက်နိုင်။

၁၂၇။ လက်နက်ချသူသေသည်မရှိ။

၁၂၈။ လျှာနှင့်သွားတောင်မှ အတူနေလျက်နှင့် ကိုက်တတ်သေးသည်။

၁၂၉။ လိပ်ပြာဟူသည် သူ့ထက်ငါ အပေါ်ရောက်အောင်သာ
ပျံကြသည်။

၁၃၀။ လိမ်လျှင်လိမ်သူ၏ခြေရာကိုပြန်လိုက်။

၁၃၁။ လိပ်ကရေနက်ရာ မိန်းမကအိမ်ထောင်ကျမည့်ဘက်ကိုရှေ့ရှု။

၁၃၂။ လူထုသဘောတူညီဖြင့် ပုဆိန်ခေါင်းချဲ့ရန်မလို။

၁၃၃။ ဝက်မကြီး ဝါးချွန်နှင့်သာသေသည်။

၁၃၄။ ဝမ်းနည်းလို့သေသည့်မသာမရှိ။

၁၃၅။ သံဖြတ်သောအသံဘေးကကြားရသည်။

၁၃၆။ သားမွေးချိန်မှာ ရောဂါရောက်

၁၃၇။ သားငယ်ဆိုး၊ လယ်ယာဆိုး၊ နှစ်မျိုးအတူတူ။

၁၃၈။ သေလမ်းနီးလျှင်ရှင်လမ်းဝေး

၁၃၉။ သားသေပြီးမှ လေ့ကားလုပ်

၁၄၀။ သူရဲကောင်းသည် ရန်သူ့လက်ချက်ဖြင့် အသက်ဆုံးရှုံးရ၏။
မုဆိုးကျော်သည် တောရဲလက်ချက်ဖြင့်ပင် အသက်ဆုံးရှုံးရ၏။

၁၄၁။ သူတစ်ပါးအကြံဖျက်ဆီးလို့ မပျက်စီးနိုင်။
ကိုယ့်ကိုယ်ကိုဖျက်မှသာပျက်နိုင်သည်။

၁၄၂။ သူတစ်ပါးလက်ဖြင့် မြွေဖမ်းချင်။

၁၄၃။ သစ်ပင်ကြောင့်မိုးရွာ၍ မိုးကြောင့်သစ်ပင်ပေါက်ရသည်။

၁၄၄။ သူကြီးနွားနောက်ကိုင်သောကြိုးကို ကိုင်သလို။

၁၄၅။ သူကြီးအလိုနှင့် ကလေးအလိုလိုက်ရသည်။

၁၄၆။ သေနတ်ပိုင်မည့်သူနှင့် မြင်းပိုင်မည့်သူကိုကြိုတင်မသိနိုင်။

၁၄၇။ သွန်ပြီးသောရေပြန်မယူနိုင်။

၁၄၈။ သမီးရည်းစား စကားထဲတွင် နွားနောက်ဝင်နိုင်သည်။

၁၄၉။ သားမသေသူ၊ ညို့သကျည်းအမာရွတ်ကင်းသူမရှိ။

၁၅၀။ အစာမစားရသော ကျားကြီး ရေကန်ထဲကသဲကောက်
စားသည်။

၁၅၁။ အနာရှိလျှင် ယင်ကောင်လာသည်။

၁၅၂။ အစာမက်သောကြက် ထောင်ချောက်မိသည်။

၁၅၃။ အပွင့်ပွင့်တိုင်း အသီးမသီးပါ။

၁၅၄။ အမြစ်မလှုပ် အကိုင်းလှုပ်သည်။

၁၅၆။ အစ်ကိုသေ ညီအကျိုးရသည်။

၁၅၇။ အောင်သွယ်လျှင် ရန်သူဖြစ်သည်။

၁၅၈။ အလှဆုံးသောပန်းသည် ယူရန်အခက်ခဲဆုံးဖြစ်သည်။

၁၅၉။ အကောင်းဆုံးသည် အခက်ဆုံးဖြစ်သည်။

၁၆၀။ အကောင်းဆုံးပန်းသည် အမြင့်ဆုံးတွင်ရှိသည်။

၁၆၁။ အံဆုံးပေါက်နှင့် မောင်လေးသေ။

၁၆၂။ အမြတ်ရှာ အရှုံးရ။

၁၆၃။ အရိုးမစားနှင့် အဖတ်ဟပ်

၁၆၄။ အသက်သည် ကောင်းကင်မှကျ၏။

၁၆၅။ အလှကိုမကြည့်နှင့် အသံကိုနားထောင်။

၁၆၆။ အိုးသေးပွက်နှင့် လူအိုမနေနိုင်။

၁၆၇။ အဆိုးမရှိလျှင် အကောင်းမရှိနိုင်။
၁၆၈။ အချစ်ပေဟာင်းနှင့် သွားဖူးလာဖူးခဲ့ရာ လမ်းဟောင်းမမေ့နိုင်။
၁၆၉။ အစ်ကိုကြောင့်ညီ၊ ညီကြောင့်အစ်ကိုဝမ်းသာ
၁၇၀။ အလုပ်လုပ်ရာ၌ နောက်ကျသူတို့မိုးမိသည်။
၁၇၁။ အရင်းကမလှုပ်၊ အဖျားကလှုပ်သည်။
၁၇၂။ အလိုလိုနေရင်း ရန်တွေ့သည်။
၁၇၃။ အတိတ်ကာလထက် အနာဂတ်ကာလသည် ပို၍ရှည်လျားသည်။

* * * * *

“ကရင်”
တိုင်းရင်းသား စကားပုံများ

၁။ လေမုန်တိုင်းကျသော် လက်ကိုမြဲဖို့လိုသည်။
၂။ အအိပ်သန်သောကလေးသည် အဆော့သန်သည်။
၃။ ကိုယ်လုပ်နိုင်မှ ကိုယ်ရမည်။
၄။ ကောင်းကင်မှာ တိမ်မကင်း။ လူမှာအပြစ်နှင့်မကင်း။
၅။ ကောင်းကောင်းဝါးလျှင် မျိုဖို့လွယ်သည်။
၆။ ကြယ်ရောင်များသော်လည်း လလောက်မလင်း။
၇။ ကောင်းတာကို အတုခိုး၊ မှန်တာကိုမှတ်။
၈။ ခြတောင်ပို့ မကောင်းလျှင် မှိုမပေါက်။
၉။ ခေါင်းဝင်နိုင်လျှင် ကိုယ်ဆန့်နိုင်ရမည်။
၁၀။ ငှက်ကြီးလာလျှင် အသိုက်ပြင်၏။
မိန်းကလေးကြီးလာလျှင် ဧည့်သည်လက်ခံတတ်၏။

၁၁။ စားရလည်း မပြုံးနှင့်၊ ငတ်လည်းမငိုနှင့်။

၁၂။ အတူတူစားကမြိန်၊ အတူတူအိပ်ကနွေး။

၁၃။ တောကြီးလျှင်ရေကောင်းရေသန့်ရ၏။
တရားဥပဒေအောက်နေခြင်းသည် ကောင်း၏။

၁၄။ တောင်းစုတ်ပလုံးစုတ်ကို ပစ်ထားနိုင်၏။
ညီအစ်ကိုမောင်နှမများကို ပစ်မထားနိုင်။

၁၅။ နီးလျှင်မျက်စိနှင့်ကြည့်ရ။ ဝေးလျှင်နားနှင့်နားထောင်ရ။

၁၆။ ဓားမရမီ ဓားရိုးပြင်ထား။

၁၇။ မိုးမကျမီ ခေါင်မိုးပြင်ထား။

၁၈။ မပျံသောငှက်သည် မြားမှန်၏။
မထိုင်တတ်လျှင်ဖင်ပေါ်၏။

၁၉။ ဝါးတစ်လုံးတည်းနှင့် မြစ်မကူးနိုင်။
သစ်တချောင်းတည်းနှင့်တံတားမဆောက်နိုင်။

၂၀။ လူတစ်ယောက်တည်းနှင့် ဘာမျှမလုပ်နိုင်။

၂၁။ ငွေသည်လာစဉ်က ထီးဆောင်းလာသည်။
ပြန်သောအခါ ငှက်ပျောရွက်ဆောင်းပြန်သည်။

၂၂။ ကြွယ်ဝချမ်းသာရန်ခက်သော်လည်း ဆင်းရဲရန်လွယ်ကူသည်။

၂၃။ ဖားစည်ကိုအသံနားထောင်ကြည့်သကဲ့သို့
ငွေကိုလည်း အသံနားထောင်ကြည့်တတ်ဖို့လိုသည်။

၂၄။ တရားဥပဒေကောက်သော် ငွေနှင့်ဖြောင့်။
ကလေးသူငယ်ကောက်သော် တုတ်နှင့်ဖြောင့်။
သံချောင်းသံစကောက်သော် မီးနှင့်ဖြောင့်။

၂၅။ ကောင်းသောအစားအစာသည် အခက်အခဲကြားမှာသာရှိသည်။

၂၆။ ကောင်းကင်၌တိမ်နှင့်မကင်း။
လူမှာလည်းအပြစ်နှင့်မကင်း။

၂၇။ ကိုယ့်ရေနောက်ကသူ့များတကာရေထက်ကြည်လင်သည်။

၂၈။ ခွေးမြီးကောက်ကျည်ထောက်စွပ်ထားပြီး၊ ပြန်ချွတ်ကြည့်က
ကောက်မြဲသာ။

၂၉။ ဝါးခူသည် ဝါးခူနှင့်သာပေါင်း၏။
ဝါးကြွင်းသည် ဝါးကြွင်းနှင့်သာပေါင်းရိုးဖြစ်သည်။

၃၀။ ငှက်ကလေးတစ်ကောင်သည် ငှက်မကြီးထက်မြင့်အောင်မပျံနိုင်
ပျံမိက လေတိုက်၍ အထိနာတတ်သည်။

၃၁။ ညီအစ်ကိုမောင်နှမအချင်းချင်း အမိအဖလိုသဘောထား။
နတ်သိကြားကဲ့ရှိသေ။

၃၂။ တစ်မိုင်လျှောက်ရန် တစ်လှမ်းကစရသည်။

၃၃။ တောင်ပို့ကောင်းက မှိုပေါက်သည်။
အိမ်သာလျှင်ညည့်ရောက်သည်။

၃၄။ ထမင်းအဆာခံနိုင်လျှင် ထမင်းအကျက်စားရမည်။
ရေငတ်ခံနိုင်လျှင် ရေကြည်သောက်ရမည်။

၃၅။ ထမင်းဖြူကို စားပြီးရေကြည်ကိုသောက်ပါ။

၃၆။ ထန်းသမားမိုးမျှော်ကြည့်၊ ငါးရှာသူရေထဲကြည့်။

၃၇။ ဓားထက်လွန်းလျှင်ပဲ့၊ လုံ့ချန်လွန်းလျှင်ကျိုး
ပူဖောင်းကြီးလွန်းလျှင်ပေါက်။

၃၈။ မထက်တာချင်းအတူတူ ဓားဟောင်းကိုသာသုံး။

၃၉။ မာလွန်းလျှင်ကျိုး၊ ပျော့လွန်းလျှင်ကွေး။

၄၀။ များများကြဲတော့ များများရ။

၄၁။ မြင့်မြင့်တက်လေ၊ ဝေးဝေးမြင်ရလေ။

၄၂။ ရေအိုင်သာယာလျှင် ငါးများသည်။
အပြောချိုသာလျှင် မိတ်ဆွေများသည်။

၄၃။ လက်လှုပ်မှပါးစပ်စိုသည်။

၄၄။ လယ်မလုပ်မီ ထွန်တုံးထွန်တံကို ပြင်၍ထား။

၄၅။ သူတစ်ပါးကထ၍ပြောလျှင်ထိုင်၍ပြန်ပြောပါ။
သူတစ်ပါးကထိုင်၍ပြန်ပြောလျှင် အိပ်၍ပြန်ပြောပါလေ။

စိုးစာပေ

၄၆။ သစ်ငုတ်ဝါးငုတ်ဆွေးသော်လည်း စကားမဆွေး။

၄၇။ ဤတိုင်းပြည်ကိုနေလျှင်ဤတိုင်းပြည်ကိုပြုစုပါ။

၄၈။ ကလေး ၁၀ ယောက်သည် ဖခင်တစ်ဦးနှင့် နှိုင်းယှဉ်၍မရ။
ထို့အတူ မိန်းမပျို ၁၀ ဦးသည် မိခင်တစ်ဦးနှင့် နှိုင်း၍မရ။
လူရွယ် ၁၀ ၏ လုံ့တံများသည် လူကြီးတစ်ဦး၏ လက်နက်နှင့်
နှိုင်းယှဉ်မရ။

၄၉။ ကလေးများလျှင် ခိုင်းစရာ၊ မြားများလျှင် ပစ်စရာ။

၅၀။ ကိုယ်ကကြောက်လျှင် ရန်သူကလည်းကြောက်။
ကိုယ်ကရဲလျှင် ရန်သူကလည်းရဲ၏။

၅၁။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ထမင်းရှာစားပါ။
ကိုယ်နှစ်သက်သူမိန်းကလေးကိုယူပြီး ခေါင်းငုံ့အလုပ်လုပ်ပါ။

၅၂။ ကမ္ဘာမြေကြီးသည် ဘုရားရှင်၏ အိမ်ရာဖြစ်၍ ကမ္ဘာမြေပေါ်
နေယောကျ်ားမိန်းမတိုင်း သည်းခံကြ။

၅၃။ ကျားကဝက်ကိုစားပြီးမှ ဝက်ခြံထလုပ်။

၅၄။ ကျောက်ပြားရေပေါ်၊ ဘူးသီးရေမြုပ်။

၅၅။ ကြီးလျှင် မျိုးချပါ။ ငယ်လျှင် ဝါးစားရင်းသွားပါ။

၅၆။ ကလေးသည်ခြေသန်၏။ လူကြီးသည်စကားပြောသန်၏။

စိုးစာပေ

၅၇။ ကျီးတစ်ကောင်ပျံသည်ကို မကြည့်လိုသကဲ့သို့ အဖွားကြီး
တစ်ဦး၏ ဆူသံကိုလည်းမကြားလို။

၅၈။ ကင်းလိပ်ချောသည် စိတ်နှင့်စကားပြောသလို ပုတတ်သည်
လည်း စိတ်နှင့် စကားပြောသည်။

၅၉။ ကွမ်းသီးပိုင်ရှင် ကွမ်းသီးကောင်းမစားရ၊ အင်းပိုင်ရှင်သည်
ငါးခေါင်းရိုးသာစားရ၊ မြေပိုင်ရှင်ကျောက်ဆောင်ပေါ်မှာစိုက်ရ။

၆၀။ ကြက်မ ၂ကောင် ဝပ်လျှင် ဥပျက်စီးတတ်သည်။

၆၁။ ကြွက်သည် အဝေးမှ ကြက်ကိုစား၊ တွင်းဝမှ ကြက်ကို
စားလျှင် တွင်းပျက်သည်။

၆၂။ ကြက်ဖတွန်လျှင် အမောက်မှာပေါ်၏။ လူကျော်ကြားလျှင်
အမည်မှာပေါ်၏။

၆၃။ ကောင်းသောရွှေကို မှတ်ကျောက်တင်ကြည့်ရန်မလို။
ကောင်းသောသားသမီးကို ဆုံးမရန်မလို။

၆၄။ ကမ္ဘာမြေပြင် မညီညာသကဲ့သို့ လူတွင်လည်း အဆင့်ညီညာ
မရှိနိုင်။

၆၅။ ကျည်တောက်လည်းသစ်မှ၊ အပျိုလည်းစစ်မှ

၆၆။ ခြတောင်ပို့သည် တောင်ထက်မမြင့်နိုင်။
နားရွက်သည် ဦးချိုထက်မရှည်နိုင်။

၆၇။ ခြေချော်က ဖင်ထိုင်ကျ။ စကားမှားက ခြေချော်သည်ထက်
အကျနာသေး။

၆၈။ ခြေဖနောင့်က ခြေအရှေ့ရောက်။

၆၉။ ချိုတစ်ပုတ်ယုန်တစ်ကောင်၊ အိုင်တစ်အိုင်ငါးတစ်ကောင်။

၇၀။ ခွေးမအကျားဖြစ်လျှင် သားသမီးများလည်း အကျားဖြစ်။

၇၁။ ခွေးမှာ အအုပ်ရှိမှကောင်း၊ လူမှာ အပေါင်းအသင်းရှိမှကောင်း။

၇၂။ ခေါင်းပေါ်၌ တောင်းတစ်လုံးသာရွက်၊ ၂ လုံးရွက်လျှင်
မငြိမ်သက်။

၇၃။ ခွေးမအိပ်မှီ ဥကြိမ်လှည့်၊ ကြက်မတွန်မီ ဥကြိမ်တောင်ပံခတ်၊
လူစကားပြောမည်ဆိုလျှင် ဆင်ခြင်ပြီးမှပြော။

၇၄။ ချုံတိုးလျှင် မြွေတွေ့၊သစ်ခေါက်ခွာလျှင်ကင်းတွေ့။

၇၅။ ခွေးလမ်းမှားလျှင် ခွေးခြေရာပြန်နင်းသကဲ့သို့ လူသည်အမှား
လုပ်မိပါက မိမိအမှားကို ပြန်စစ်ဆေးသုံးသပ်ကြည့်ပါ။

၇၆။ ခရုသည် အခွံမှ မခွာနိုင်၊ ဘုရင်သည်တိုင်းပြည်မှမခွာနိုင်။

၇၇။ ခွေးဟောင်လျှင် အနံ့ရ၊ သစ်ရွက်လှုပ်လျှင် လေတိုက်မှ။

၇၈။ ငါးခုံးမနှင့် ငါးကျီးပေါင်းတော့ ငါးပနော်သေ။

၇၉။ ငါးရံ့လိုရုတ်တရက်ခုန်လျှင် ရေထဲပြန်မကျဘဲ ကမ်းပေါ်ရောက်
တတ်သည်။

၈၀။ ငါးများဆိုလျှင် ခဲသီးပါရမည်။ အောင်သွယ်ဆိုလျှင် အခပေး ရမည်။

၈၁။ ငိုတတ်မှ အမေ့နို့စို့ရသည်။
မငိုတတ်က အရှိက်ခံရသည်။

၈၂။ ငှက်အဖြူဆိုလျှင် အဖြူအုပ်မှာပျံ၊ ငှက်အမည်းဆိုလျှင် ငှက်အမည်းအုပ်မှာပျံ။

၈၃။ ငပိကုန်လျှင် ဆားနှင့်စားရသည်။ ဆားကုန်တော့ဘာမျှစားရန် မရှိ။

၈၄။ ငါးခေါင်းတိုများလျှင်တွင်းတိမ်။

၈၅။ ငှက်တော်ငှက်သည် အမြီးကိုခင်တွယ်သကဲ့သို့၊ ရှင်ဘုရင် သည်လည်း အခြွေရံကိုခင်တွယ်သည်။ ငှက်တော်ငှက်အမြီး မပြတ်နိုင်သလို ရှင်ဘုရင်သည်လည်း အခြွေရံကိုအသေမခံနိုင်။

၈၆။ ငှက်တော်ငှက်သည် နေရာတကာသွား၍ အသိုက်မပြင်၊ ဘုရင်သည်လည်း နေရာတကာတွင် မိန်းမမရှာ။

၈၇။ ငါးများဆိုတာ အစာပါရမည်။
အောင်သွယ်ဆိုတာ အခပေးရမည်။

၈၈။ ငှက်သည်အကြံရှိသလောက်သာစားရသလို၊ စွန်လည်းအကြံ ရှိသလောက်သာစားရသည်။

၈၉။ ငှက်ပျောသေလျှင် အမြစ်မပုပ်၊ လူသေသော်လည်း အမျိုးမပြုတ်။

၉၀။ စပါးများက ထမင်းဖြစ်မည်
ဝါးလုံးများကမြစ်ကို ကျော်နိုင်သည်။

၉၁။ စကောဖြင့်ကာသော်လည်း ဝေးဝေးကပင်မြင်နိုင်သည်။

၉၂။ စူးစူးနေရာ၊ ဆောက် – ဆောက်နေရာ

၉၃။ စားတတ်လျှင်ဆေး၊ မစားတတ်လျှင်ဘေး။

၉၄။ စည်းလုံးလျှင် အစွမ်းရှိသည်။

၉၅။ စပါးကောင်းသော်လည်း အဖျင်းပါတတ်သည်။
မိန်းမကောင်းလွန်းသော်လည်း အပြောခံရတတ်သည်။

၉၆။ စကားချိုပြောတတ်သော်လည်း ယိမ်းယိုင်တတ်သည်။

၉၇။ စပါးတစ်လုံးနှင့် အရက်မဖြစ်၊ လူတစ်ယောက်နှင့်လည်း အလုပ်မပြီး။

၉၈။ စိတ်ဆိုးလျှင်လက်ကိုခုတ်မိ၊ ဒေါသကြီးလျှင် ခေါင်းကိုခုတ်မိ။

၉၉။ ဆင်အသက်ကြီးလျှင် သူနာမောင်းသူနင်း။

၁၀၀။ ဆင်သတ္တဝါကြီးထွားသော်လည်း အမှုံ့အခင်းတွင်ရှုံးနိုင်သည်။

၁၀၁။ ဆည်၏တာဝန်မှာ ကာဆီးရန်ဖြစ်၏။ လုပ်ငန်းအောင်မြင်ရန် ကိုကား တာဝန်ကျေမှုအဓိကဖြစ်သည်။

၁၀၂။ ဆင်းရဲသားသည် ဓားနှောင့်နှင့် ခရီးသွား၊ ချမ်းသာသူသည်
ဓားသွားနှင့်ခရီးသွား။

၁၀၃။ ဆိမ့်သောမှိုသည် မူးဝေတတ်သည်။

၁၀၄။ ညီညွတ်မှုရှိက လျှော်ပင်အညွန့်ရ။

၁၀၅။ ညီအစ်ကိုမောင်နှမညီညွတ်က ကျောက်ခဲမီးဖုတ်သော
ကန်စွန်းဥကဲ့သို့ကျက်။

၁၀၆။ ညောင်သီးလည်းစား၊ ဒူးလေးသံလည်းနားထောင်။

၁၀၇။ ညအခါသွားလျှင် မီးခွက်နှင့်သွား၊ နေ့အခါသွားလျှင်
နေရောင်နှင့်သွား။

၁၀၈။ တောဝက်ရဲလျှင် ဝါးချွန်နှင့်တွေ့၊ စကားပြောရဲလျှင် တရားရုံး
ရောက်ရသည်။

၁၀၉။ တိုလျှင်ဖြတ်၊ ရှည်လျှင်ဆက်။

၁၁၀။ တောင်းမှာကြိမ့်ကွပ်၊ မိန်းမမှာပန်းပန်မှလှ။

၁၁၁။ တိုင်းပြည်ဆူလည်းပျော်အောင်နေ။

၁၁၂။ တောဝက်ခဏအိပ်လျှင်အားရှိ၊ လူအိပ်လျှင်ဆင်းရဲ

၁၁၃။ တောဘယ်လောက်ကြီးကြီး ဖြတ်ကျော်နိုင်ပါ၏။
မြစ်ဘယ်လောက်ကျယ်ကျယ်ဖြတ် ကူးနိုင်ပါ၏။
တရားသူကြီးစကားကို တစ်ဆံချည်မျှ မလွန်ဆန်နိုင်ပါချေ။

၁၁၄။ ဖွတ်လိုကောင် ရေထဲဆင်းလျှင် မိကျောင်းထက်ဆိုးသည်။

၁၁၅။ တောဝက်သည် အသိုက်ထဲမှာရဲ၏။ လူသည်အိမ်မှာရဲ၏။

၁၁၆။ တစ်ခါဖြောင့်မတ်၊ ဆယ်ခါဖြောင့်။
တစ်ခါလိမ်ဖူး၊ ဆယ်ခါလိမ်တတ်သည်။

၁၁၇။ တောငှက်ပျောကို အူတိုင်ကြည့်သကဲ့သို့၊ လူတွင်လည်း
စိတ်ထားစိတ်ရင်းကြည့်ရသည်။

၁၁၈။ တစ်ဖက်ကသန်လျှင် တစ်ဖက်ကအလျှော့ပေး။
နှစ်ဘက်စလုံးသန်နေသော် ထမင်းအိုးကွဲလိမ့်မည်။

၁၁၉။ ထမင်းမြန်မြန်စားသူ အပူစားမိ၊
စကားမြန်မြန်ပြောသူ အမှားပြောမိ။

၁၂၀။ ထောင်ချောက်လည်း တစ်မျိုးတည်းမဟုတ်၊ ကြွက်လည်း
တစ်မျိုးတည်းမစား၊ မြားလည်း တစ်မျိုးတည်းမဟုတ်၊
ငှက်လည်း တစ်မျိုးတည်းမဟုတ်။

၁၂၁။ ထောင်ချောက်ထောင်ကြွက်စားရ၏။
အအိပ်ကြီးလျှင် အစာငတ်၏။

၁၂၂။ ငှက်တော်သည်အသိုက်ကိုကြည့်တတ်၏။
ကြွက်သည်အိပ်တန်းကိုကြည့်တတ်သည်။

၁၂၃။ ဒေါက်မြင့်လေအိမ်ခိုင်လေ။ တိုင်မြင့်လေ စပါးကျီခိုင်လေ။

၁၂၄။ ဓားအိုလျှင်ဓားမပဲ့၊ ပုဆိန်အိုလျှင် ပုဆိန်ပဲ့၊ ကြွက်အိုလျှင် ထောင်ချောက်မှာမိ လူအိုလျှင်နာမည်ရ။

၁၂၅။ ဓားမကိုမြဲမြဲဆုပ်၊ ဓားမြှောင်ကိုမြဲမြဲဆုပ်၊ ကျွန်ကဲ့သို့လုပ်ကိုင် သခင်ကဲ့သို့နေထိုင်ပါ။

၁၂၆။ နောက်နေသည့်ရေ၊ ရေကြည်မဖြစ်။
စိတ်ဆိုးခြင်းသည် သည်းခံစိတ်ကိုမနိုင်။

၁၂၇။ နီးမဖြာတတ်လျှင် ဝါးကုန်၊ ရက်ကန်းမရက်တတ်လျှင်ချည်ကုန်။

၁၂၈။ နေထွက်ရာတွင်လည်းအပေါက်မှထွက်၊ နေဝင်ရာတွင်လည်း အပေါက်မှမဝင်။

၁၂၉။ ပဒူအိမ်ကို ဂျူကသွားထိုးလျှင်၊ ပဒူကပြန်ထိုးတော့လူက ပဒူကိုအဆိုးဆိုသေး။

၁၃၀။ ပုရွက်က သူ့ဥသူစား၊ ငါးတွေက သူ့ကလေးသူစား။

၁၃၁။ ပီယဆေးက ဓားထက်ပိုထက်။

၁၃၂။ ပုစွန်သည် အစားစားလျှင်နေးသော်လည်း ခေါင်းကမူ မတိမ်းစောင်းပါ။

၁၃၃။ ပန်းတိမ်၊ ပန်းပဲ မလုပ်တတ်ဘဲ ဖိုထိုးက မီးသွေးကုန်သည်။

၁၃၄။ ပုရွက်ဆိတ်သည် ဥကြောင့်ကောင်းသည်။
လူမှာလည်း သားသမီးကြောင့်ကောင်းသည်။

၁၃၅။ ပျင်းရိသောသူသည် ရေသယ်ရန် ဝါးကျည်တောက်တို့ကို ကျောအပြည့်လွယ်ကာ ရေခပ်သွားတတ်သည်။

၁၃၆။ ဖားစားလိုလျှင် ကျောက်ဖျာကိုပြုပြင်။
ငါးစားလိုလျှင် ရေအိုင်ကိုပြုပြင်။

၁၃၇။ ဖွတ်အမြီးရှည်လွန်းက သူ့လည်ပင်းသူပြန်ပတ်တတ်သည်။

၁၃၈။ ဖြောင့်မတ်သူ စားမကုန်၊ လိမ်ကောက်သူစားမဝ

၁၃၉။ ဖားသေလျှင် ခြေဆန့်ငင်ဖြစ်၊ ငါးသေလျှင်အမြီးဆန့်ငင်ဖြစ် လူသေလျှင် ဘယ်သို့ဆန့်ငင်ဖြစ်။

၁၄၀။ သူ့မြို့ကိုတိုက်မယူမီ၊ ကိုယ့်မြို့ကိုကာကွယ်ပါ။

၁၄၁။ မာနထောင်လေ မျက်နှာပျက်လေ။

၁၄၂။ မုဆိုးမဆိုလျှင် အထင်မကြီး၊ မိဘမဲ့သားဆိုလျှင် အပြောခံရ။

၁၄၃။ မိုးချုပ်မှစပါးလှမ်း၍မခြောက်။
လက်တစ်ဖက်တည်းနှင့် လက်ခုပ်တီး၍မရ။

၁၄၄။ မိန်းမယူလျှင် မိစုံဖစုံမယူနှင့်။
ယောက္ခမတို့စကားတတ်ကြသည်။

၁၄၅။ မြန်မြန်စားလျှင် လျှာကိုက်မိ၊ မြန်မြန်ခုတ်လျှင် သက်ခုတ်မိ။

၁၄၆။ မိမိဒေသတွင် ကြင်ယာရှာလျှင် သုံးလရှာ။
သူများဒေသတွင်ရှာလျှင် သုံးနှစ်ရှာ။

၁၄၇။ မသိသောအသီးကိုစားလျှင် မူးတတ်သည်။ မသိသောလမ်းကို သွားလျှင် မှားတတ်သည်။

၁၄၈။ ယောကျ်ားက မိန်းမကိုချစ်လျှင် ကြောင်မွေးမည်။ မိန်းမက ယောကျ်ားကိုချစ်လျှင် ခွေးမွေးမည်။

၁၄၉။ များများခရီးထွက် များများဆင်းရဲ၊ နည်းနည်းခရီးထွက် နည်းနည်းဆင်းရဲ။

၁၅၀။ မိန်းမအအိပ်ကြီးလျှင် တာဝန်မေ့၊ ယောကျ်ားအအိပ်ကြီးလျှင် အကြံအစည်အားလုံးမေ့တော့သည်။

၁၅၁။ မိခင်သေလျှင်အိမ်တစ်ခြမ်းပြိုကျ၍ ဖခင်သေလျှင်တစ်အိမ်လုံး ပြိုကျသည်။

၁၅၂။ မိန်းမတစ်ဦးသည် တစ်နေ့အင်းဝသို့ သုံးကြိမ်သွားရောက်နိုင် သော်လည်း မီးဖိုချောင်လုပ်ငန်းကိုနှံ့စပ်အောင်လုပ်ရန် မလွယ်ကူ။

၁၅၃။ မြင့်သောသစ်ပင်လေထိ၊ ကောင်းသောမိန်းမညည့်များ။

၁၅၄။ မြင့်သောသစ်ပင်လေထိ၊ ကောင်းသောမိန်းမနာမည်ကောင်းရ။

၁၅၅။ မိခင်က အစင်းဖြစ်လျှင် သားသမီးလည်း အစင်းပါမည်။

၁၅၆။ မိမိကိုယ်ကိုလည်း ကြံ၍မသတ်နှင့်၊ စပါးကိုလည်းအမျိုးပြုတ် အောင်မစားပစ်နှင့်။

၁၅၇။ မြေကြီးညစ်ပေလျှင် ရှုပ်ဆေး၍ရသည်။ ရေညစ်သော် ဆေးစရာမရှိ။

၁၅၈။ မြင်းမကောင်းသော်လည်း ကိုယ်လုံးကိုသုံးလို့ရသေးသည်။ ဆင်သေလျှင်လည်းအစွယ်ကိုသုံးလို့ရသေးသည်။ သွေးမကောင်းလျှင်မူ ဆံပင်ဖြူသည်။

၁၅၉။ မီးထွန်းလျှင် မီးတောက်သည်၊ တိုင်းပြည်ကို ပြုစုလျှင် ဖွံ့ဖြိုးသည်။

၁၆၀။ မြန်မြန်ခုတ် လက်ခုတ်မိ၊ မြန်မြန်ဝါး လျှာဝါးမိ၊ မပြောခင် စဉ်းစားပြော။

၁၆၁။ မြစ်ကောက်လျှပ်မြင်နိုင်၏။ ပင်လယ်ကောက်တော့ မမြင်နိုင်။

၁၆၂။ မျက်စိမြန်လျှင်ထိုးမိ၊ ခြေထောက်မြန်လျှင် ခလုတ်တိုက်မိ။

၁၆၃။ မြားတစ်ဘူးမှ မြားတစ်စင်းသာ အဖျားသို့ရောက်၊ တိုင်းပြည် တစ်ပြည်မှ လူတစ်ယောက်သာ ပညာရှိ အကြီးအကဲဖြစ် နိုင်သည်။

၁၆၄။ မြေဝပ်ငှက်သည် သေးငယ်သော်လည်း ထပျံသောအခါ လူကိုလန့်စေနိုင်သည်။

၁၆၅။ ယုန်ကိုပက်ကျိကာလိမ်နိုင်သော် ပက်ကျိကိုလိမ်နိုင်သူလည်း ရှိလိမ့်မည်။

၁၆၆။ ယုန်ကဲ့သို့မကြံနိုင်၊ မျောက်ကဲ့သို့ မခုန်နိုင်။
ယုန်ကဲ့သို့ကြံနိုင်လျှင် အမှုပြီးမည်။ မျောက်ကဲ့သို့ခုန်နိုင်လျှင် သစ်ကိုင်းကိုကိုင်မိမည်။

၁၆၇။ ရေငြိမ့်သည်ပုပ်၏။

၁၆၈။ ရေနည်းလျှင် စစ်ပြီးမှသောက်၊ သားသမီးနည်းလျှင် စိုးရိမ်ပို။

၁၆၉။ ရေမကြီးမီ တံတားဆောက်နှင့်၊ ကျားကြီးဝက်မစားမီဝက်ခြံပြင်ထားပါ။

၁၇၀။ ရေမရှိလည်းပျော်ပျော်နေ၊ တိုင်းပြည်ဆူလည်း ပျော်ပျော်နေ။

၁၇၁။ ရေမှာစွမ်းလျှင် ရေမှာသေ။

၁၇၂။ ရေရှိမှငါးရှိ။

၁၇၃။ ရေသည်သစ်အောက်မှာအေး၏။လူသည်ဥပဒေအောက်မှာနေရမှပျော်သည်။

၁၇၄။ ရဲရင့်သောသူကို လူအများနှစ်မြို့က်၏။

၁၇၅။ ရိုးရိုးသားသားရှာစားက မကုန်နိုင်။

၁၇၆။ ရေအေးလျှင် ငါးစုဝေး၊ရေပူလျှင်ငါးပြန့်ကျဲ

၁၇၇။ ရေများရေနိုင်၊ မီးများရေခမ်း

၁၇၈။ ရုတ်တရက်စားလျှင်သီးတတ်သည်။
ရုတ်တရက်ပြောလျှင်မှားတတ်သည်။

၁၇၉။ ရေနောက်သည်ရေကြည်ကိုမနိုင်သကဲ့သို့ ဒေါသစိတ်သည်လည်း သည်းခံစိတ်ကို အနိုင်မရနိုင်။

၁၈၀။ ရေသည် ၃ နှစ် ဆက်မကြီးနိုင်သကဲ့သို့ လူတစ်ဦးသည် ဆွေမျိုးဆက် ၃ဆက် မထင်ရှားနိုင်။

၁၈၁။ ရှောင်နိုင်လျှင်လွတ်ကင်း။

၁၈၂။ ရေကြီးလျှင် တောင်အထိရောက်သည်။
စကားပြောကြီးလျှင် လူထိခိုက်သည်။
ရေကြီး၍တောင်ကိုမထိပေမည့် ရေမခမ်းခြောက်တတ်။
စကားပြောသော်လည်း စကားပြောမကြီးလျှင် လူကိုမထိတတ်ပေ။

၁၈၃။ ရေအိုင်တိုင်းလည်းမကျယ်၊ လူတိုင်းလည်းမကြီးပါ။

၁၈၄။ ရေတွင်းဟောင်းရေ၊ အေးမြပေသည်။

၁၈၅။ ရန်ဖြစ်တော့လည်း လင်မယား၊ တရားထိုင်တော့လည်း လင်မယား။

၁၈၆။ ရိုက်လျှင်လည်းသေအောင်ရိုက်၊ ပြုစုမည်ဆိုလျှင်လည်း ရှင်အောင်ပြုစုပါ။

၁၈၇။ ရေကျည်တောက်မျောပါသွားသော် နေရာရင်းသို့ ပြန်မရောက်နိုင်။

၁၈၈။ ရေခန်းလျှင် တွင်းပြန်တူးခဲ့ပါ၊ လူနည်းလျှင်ပြန်စုစည်းပါ။

၁၈၉။ ရေသည်ကျောက်ဆောင်ကိုမနိုင်၊ သားသမီးသည်မိဘကိုမနိုင်။

၁၉၀။ ရေငုပ်လိုသော် နဂါးကိုမေး၊ သစ်ပင်တက်လိုသော် ဂငျှန်ကိုမေး။

၁၉၁။ ရေအိုင်သာလျှင် ငါးများသည်၊ အပြောသာလျှင်မိတ်ဆွေများသည်။

၁၉၂။ လူကောင်းနှင့်အတူနေမှကောင်း။ လူဆိုးနှင့်အတူနေမကောင်း။

၁၉၃။ လူသည်စိတ်နေမြင့်၊ ဘဝမြင့်လျှင် အပြောခံရတတ်သည်။

၁၉၄။ လူသည် ဘယ်လောက်မြန်မြန်ခြသေ့လောက်မမြန်။
လူသည်ဘယ်လောက်မြန်မြန်လျှပ်ပြက်သလောက်မမြန်။

၁၉၅။ လေမတိုက်လျှင် သစ်ရွက်မလှုပ်။
သခွားပင်မှ ဖရုံမသီး၊ ဖရုံပင်မှ သခွားမသီး။

၁၉၆။ လယ်အလုပ်သည် အရေးကြီးဆုံး အလုပ်ဖြစ်သော်လည်း မိန်းမ မပါလျှင် ဘယ်အလုပ်မှမပြီး။

၁၉၇။ လှေစီးရင်း ရေငတ်

၁၉၈။ လှေထွင်းသော်လည်းဝက်စာခွက်ဖြစ်

၁၉၉။ လုံထိုးကျပ်လျှင် ပြန်ဆွဲနုတ်၍မရ။

၂၀၀။ လူဖျင်းကျည်တောက်သည် မငြိမ်သက်

၂၀၁။ လျှော်များလျှင်ကျစ်လစ်၊ နွှီးများလျှင်ခိုင်ခံ့

၂၀၂။ လူပျင်းဆံဖွပ်သော် ဆန်ကိုဆုံပြည့်ထည့်၍ဖွပ်ချေသည်။

၂၀၃။ လမ်းကောက်လျှင် နေ့ချင်းပြန်သွား၊ လမ်းဖြောင့်လျှင် ညအိပ်၍သွား။

၂၀၄။ လူသည် ရှင်လည်းမတူ သေလည်းမတူနိုင်ပါ။

၂၀၅။ လက်ဘယ်လောက်ရှည်ရှည် ခေါင်းတစ်လုံးသာရှိသည်။
သစ်ကိုင်းဘယ်လောက်များများ ပင်စည်တစ်ခုသာရှိသည်။

၂၀၆။ လက်မမကောင်းလျှင် လက်မဖြတ်၊ လက်သန်းမကောင်းလျှင် လက်သန်းဖြတ်။

၂၀၇။ လက်တံမရှည်တံချူနှင့်ခူးပါ၊ ခြေတံမရှည်တုံးခု၍ခူးပါ။

၂၀၈။ လယ်ပိုင်ရှင်ဆန်ပြုတ်သာစားရ၊ လှေလုပ်သူစားခွက်သာစီးရ။

၂၀၉။ လက်နှစ်ဖက်နှင့်တီးမှ အသံမြည်၊ တစ်ဖက်ထဲတီး၍မမည်။

၂၁၀။ လှသော၊ အဆင်ပြေသောအဝတ်ကို ဝတ်လျှင် မလှပသောသူ ပင်လှလာနိုင်သည်။

၂၁၁။ ဝါးသုဉ်းကကြွက်လာ။

၂၁၂။ ဝါးတစ်လုံးနှင့် ဟိုဘက်ကမ်းမရောက်နိုင်။

၂၁၃။ ဝါးပွင့်လျှင် ဝါးပင်သေ
စပါးသီးချိန်ကြွက်ဖျက်က ငတ်မွတ်ခေါင်းပါးဖြစ်။

၂၁၅။ ဝက်သိုးကြီးလျှင် တရေးအိပ်၊ လူပျိုသိုး ခဏသာအိပ်။

၂၁၆။ ဝါးများလျှင် မြစ်ကူးနိုင်၊ လူများလျှင် အလုပ်ပြီးနိုင်။

၂၁၇။ ဝါးပင်တိုင်းအမြစ်ရှိ၊ လူတိုင်းမှာ အပြစ်ရှိ။

၂၁၈။ ဝါးကျည်တောက်မှ ရေများဆူပွက်လာလျှင်၊ ဝါးကျည်တောက်
ပေါက်ကွဲလုနီးပြီ။

၂၁၉။ ဝက်များဝက်ဆိုး၊ ကြွက်များကြွက်ဆိုး

၂၂၀။ ဝါးကျည်တောက်ဟောင်းမှ ရေအေးသလို၊ ချစ်သူဟောင်း၏
စကားသည် ချိုသာသည်။

၂၂၁။ ဝက်နှင့်ကြွက်သည် အသက်ကြီးလျှင် ခြံကိုမေ့တတ်သည်။

၂၂၂။ ဝါးပင်ပျိုသည် မိခင်ဝါးပင်ထက်ရှည်သော်လည်း တစ်နေ့တော့
ကိုင်းညွတ်သွားရမည်ဖြစ်သည်။

၂၂၃။ ဝါးကျည်တောက် (၇)ပေါက်ကိုပိတ်၍နိုင်သော်လည်း လူ့ပါး
စပ်တစ်ပေါက်ကိုမပိတ်နိုင်။

၂၂၄။ သားသမီးဆိုးလျှင် မိဘကိုထိ။

၂၂၅။ သူ့အိမ်လည်က မီးစနင်းမိတတ်။

၂၂၆။ သေသောသစ်ပင်သည် အတက်ကျန်၏။
သေသောလူသည် အဆက်ကျန်၏။

၂၂၇။ သစ်ငုတ်ဝါးငုတ်ကို မြဲမြဲကိုင်ထား၍ မရနိုင်။

၂၂၈။ သစ်တုံးနှင့် မိတ်ဖွဲ့လျှင် မှိုစားရ၏။
တောင်ပို့မကောင်းက မှိုမပေါက်နိုင်။

၂၂၉။ သစ်ပင်ကျိုးလျှင် မလိုက်နှင့်၊ ဝါးပင်ပေါက်ကွဲလျှင် မလိုက်နှင့်။

၂၃၀။ သစ်ပင်ကြီးလျှင် လေကားနှင့်တက်။
သစ်ပင်ပေါ်မတက်နိုင်လျှင် ဓားမကိုအပြစ်တင်။

၂၃၁။ သစ်ပင်ဘယ်လောက်မြင့်မြင့်၊ သူ့အရွက် သူ့အပင်အောက်
သို့သာ ကြွေစမြဲ။

၁၃၂။ သစ်ပင်မြင့်ကကျိုးလွယ်၊ ဝါးပင်မြင့်ကကွဲလွယ်။

၂၃၃။ သစ်ပင်တက်ကျင်လည်က ကျ၍သေရသည်။
ရေကူးကျင်လည်ကရေနစ်သေရသည်။

၂၃၄။ သစ်ပင်အရိပ်အောက်မှရေသည်အေး၏။
စကားချိုသာသူသည် လူအေးဖြစ်သည်။

၂၃၅။ သစ်ပင်များက အသီးကောင်း၊ လူများကအလုပ်ကောင်း။

၂၃၆။ သစ်သားပူးလျှင်ခိုင်၊ ဝါးပူးလျှင်ယိုင်။

၂၃၇။ သစ်သားရင့်လေ အနှစ်ကောင်းလေ။

၂၃၈။ သန်စွမ်းသော ဆင်ဖြစ်သော်လည်း ရေ၌မောပန်း၏။

၂၃၉။ သစ်ပင်ရှိလျှင် ငှက်နား၊ မြစ်ရှိလျှင် ရေစီးသန်

၂၄၀။ သူများအိမ်လည်လည်လွန်းလျှင် သုံးရက်ဆင်းရဲ၏။
သူများတိုင်းပြည်လည်လည်လွန်းလျှင် ၃နှစ်ဆင်းရဲ၏။

၂၄၁။ သစ်ပင်နှင့်အရိပ်ခွဲ၍မရနိုင်သကဲ့သို့၊ လူနှင့်ကတိသစ္စာခွဲ၍မရစကောင်း။

၂၄၂။ သားသမီးသေလျှင် ပြန်ရနိုင်၊ မယားသေလည်း ပြန်ရနိုင်။ မိဘသေလျှင် တစ်သက်ပြန်မရနိုင်ချေ။

၂၄၃။ သစ်ပင်မရှိ ငှက်မနားနိုင်၊ စမ်းရေမရှိ ရေမထွက်နိုင်။

၂၄၄။ သံလွင်မြစ်ရေလည်း မခမ်းခြောက်နိုင်။ ကျွဲချိုကောက်သည်လည်း မဖြောင့်မတ်နိုင်။

၂၄၅။ သစ်ပင်တွင်အနှစ်တစ်ခုသာရှိသကဲ့သို့၊ တရားဥပဒေများလည်း ပိုင်ရှင်တစ်ဦးသာရှိသည်။

၂၄၆။ သစ်ပင်အနှစ်သည် ဘေးမှာမရှိ၊ တရားဥပဒေပိုင်ရှင်သည်လည်း တရားသူကြီးမှမဖြစ်။
သစ်ပင်အနှစ်ဘေးမှာရှိလျှင် သစ်ပင်ကောက်မည်။ တရားဥပဒေတရားသူကြီးပိုင်လျှင် တရားစီရင်မှုလွဲမှားမည်။

၂၄၇။ သန်လွန်းလျှင် ကျိုးတတ်၊ ပျော့လွန်းလျှင်တွဲကျ။
တော်ရုံသန်၊ တော်ရုံပျော့ပါစေ။

၂၄၈။ သစ်ပင်ကြီးလျှင် အခေါင်းရှိ၊ ဝါးပင်ကြီးလျှင် အပေါက်ရှိ။
သစ်ပင်ကြီးလျှင် သူ့ဘာသာပြို၊ ဝါးပင်ကြီးလျှင် သူ့ဘာသာပြို
တောင်သည်လည်း မည်မျှကြီးကြီး ပြိုလဲနိုင်သည်။

၂၄၉။ သစ်ပင်တွင် အခက်ရှိသလို၊ ဝါးမှာလည်း အလက်ရှိသည်။

၂၅၀။ သစ်ပင်မြင့်လျှင် လေတိုက်ခံရ၊ လူကြီးမြင့်လျှင်အပြောခံရ။

၂၅၁။ သစ်နှင့်ဝါးတို့သည်ရင့်မှသာမာကျောသည်။

၂၅၂။ သေခြင်းကိုကြိုမသိသကဲ့သို့၊ အပြစ်ကိုလည်းကြိုမမြင်နိုင်။

၂၅၃။ သစ်ပင်အောက်မှ အမြစ်ကိုမြက်နှင့်ဖုံးပါ။
ဆန်ဆိုးဘေးမှအမြစ်ကို ဖွဲနှင့်သာဖုံးပါ။

၂၅၄။ သစ်ပင်ရင့်သော် အမြစ်ဒုက္ခပေး၊ ဝါးပင်ရင့်သော် အမြစ်ဒုက္ခပေး၊ လူအိုသော် ရောဂါဒုက္ခပေး။

၂၅၅။ သခွားသီးစားလျှင် သခွားပင်အကြောင်းပြော။
ဖရုံသီးစားလျှင် ဖရုံပင်အကြောင်းပြော။

၂၅၆။ သစ်ပင်သေလျှင် အမြစ်က ပြန်ပေါက်နိုင်သည်။
လူသေလျှင် သူ့အဆက်အနွယ်ကပြန်ပေါက်ပွားလိမ့်မည်။

၂၅၇။ သူများအရှက်ကိုတွေ့လျှင်ဖုံးပါ။

၂၅၈။ သစ်မြည်လည်းနင်မလိုက်နှင့်၊ ဖါးမည်လည်းနင်မလိုက်နှင့်။
စပါးငုတ်သာမြဲမြဲဆုတ်။

၂၅၉။ သစ်ရွက်ပေါင်းစုံနှင့် ချက်သောဟင်းသည်ချို၏။
များများဆုံးမသောကလေးသည် ကောင်းမွန်လိမ္မာ၏။

၂၆၀။ အရေးမည်မျှကြီးကြီးထမင်းစားပြီးသွား

၂၆၁။ အစားစာကောင်းသည် အခက်ခဲ၏အကွင်း၌သာရှိသည်။

၂၆၂။ အဆဲအဆိုသာတတ်သည် အကောင်းမပြောတတ်။

၂၆၃။ အဆိုးသည် အကောင်းကိုမနိုင်။

၂၆၄။ အတူတူလုပ်ကအလုပ်တွင်၊ အတူတူစားကထမင်းမြိန်။

၂၆၅။ အပြစ်လုပ်ရန်လွယ်ကူသလောက်၊ ကောင်းမှုပြုရန်ခက်ခဲသည်။

၂၆၆။ အမေသေလျှင် အမေ့အခန်းထဲ ချွေးမဝင်သည်။
အဖေသေလျှင် အဖေ့အခန်းထဲ သမက်ဝင်သည်။

၂၆၇။ အမေသည်သားသမီး (၁၀)ယောက်ကိုကျွေးနိုင်သည်။
သားသမီး (၁၀)ယောက်သည် အမေတစ်ယောက်ကို
ပြန်မကျွေးနိုင်။

၂၆၈။ အမှောင်သည်အလင်းကိုမနိုင်။

၂၆၉။ အမှတ်မထင်စားလျှင်သီးတတ်သည်။ မြန်မြန်မျိုလျှင် အရိုးစူး
သည်။

၂၇၀။ အမှိုက်ပုံကြိုက်က မြွေနှင့်တွေ့၊ သစ်ခေါက်ခွာလျှင်ကင်းနှင့်
တွေ့။

၂၇၁။ အလုပ်မပျင်းအစားမကြောက်၊ ကျွန်လိုလုပ် သခင်လိုစား။

၂၇၂။ အသားစဥ်း၍ပြတ်လျှင် စဉ်းတုံးကိုထိ။

၂၇၃။ အသက်ပင်ကြီးသော်လည်း အကြား၊ အမြင်နည်းလျှင်
ပညာမဲ့၏။

၂၇၄။ အိုင်ကောင်းမှငါးခိုလှို၊ အမေ့ဆုံးမသံကောင်းမှ သားသမီး
ကောင်းစား။

၂၇၅။ အမှားများတော့ဆင်းရဲ၊ ရောဂါများတော့သေ။

၂၇၆။ အလုပ်ကိုမလုပ်တတ်လျှင် ညီအစ်ကိုပင်ရန်သူဖြစ်။
လုပ်တတ်လျှင် ဆူးညှောင့်ခလုတ်ပင်မိတ်ဆွေဖြစ်။

၂၇၇။ အိမ်တွင်ကြောက်တတ်သူ တောမှာသေ။
တောတွင်ကြောက်တတ်သူ အိမ်မှာသေ။

၂၇၈။ အလုပ်ကို တစ်နေ့လုံးလုပ်နိုင်သော်လည်း အစားကိုတော့
တစ်နေ့လုံးမစားနိုင်။

၂၇၉။ အစ်ကိုအကြီးဆုံးကို မိဘများအားကိုးသည်။
ညီအငယ်ဆုံးကို အစ်ကိုအမ၊ သားချင်းများက အားကိုးသည်။

၂၈၀။ အပေါ်အလေးသွားလျှင် ကွယ်၍သွားရသည်။
စကားကိုကား ကွယ်၍ပြောမရ။

၂၈၁။ အကြံအစည်သည် လူ့စိတ်နှလုံးတွင်ရှိသည်။
အကောင်းအဆိုးသည် လူ့မျက်နှာမှာသာရှိသည်။
ငွေမှာကား လူ၏လက်ဖျားမှာသာရှိသည်။

၂၈၂။ အသံကောင်းဖြင့် တွန်တတ်သောကြက်ဖရှိသလို၊ စကားကောင်းဖြင့်ပြောတတ်သော ယောကျာ်းလည်းရှိသည်။

* * * * *

“ပလောင်”
တိုင်းရင်းသား စကားပုံများ

၁။ ကလေး၏အသိသည် ကြွက်အဆုတ်လောက်သာရှိသည်။

၂။ ကျိန်ဆဲခြင်းသည် မိမိ၏ဆိုးခြင်းကိုသာပြသည်။

၃။ ကျည်ပွေ့သည် ဘယ်တော့မှအဖွင့်မရှိ။

၄။ ကျီးသည် ဖျိုင်းဖြူကိုတုသည့်တိုင်။

၅။ ကြက်ဖတစ်ကောင်သည် ကြက်မတစ်အုပ်ကိုထိန်းသည်။

၆။ ကြက်မသည် ကြက်မလိုနေ၊ မတွန်ပါနှင့်။

၇။ ကျောက်သံပတ္တမြားသည် သွေးမှပြောင်သည်။ လူသည်သင်မှတတ်သည်။

၈။ ကြီးသူကအောက်၊ ငယ်သူကအထက်၊ သဘော်သီးလိုဖြစ်သည်။

၉။ ကောင်းစားစေချင်လျှင် အိမ်ထောင်ရှင်နှင့်လိုက်။
ကြွားလိုလျှင် လည်သောသူနှင့် အဖော်လိုက်။

၁၀။ ကုန်မည်ကြောက်သော်လည်း ကုန်ဖို့မလွယ်။

၁၁။ ကျောက်ဖြူနီးဖြစ်သော်လည်း မိုးကုတ်ကျောက်ဖြုန်းပါ။

၁၂။ ကျောက်ဖြစ်သော်လည်း ပြင်သစ်ကျောက်ဖြစ်သည်။

၁၃။ ကုသိုလ်ဆိုသည်မှာ သေခါမှသိ၊ ဥဒ္ဒါန်းဆိုသည်မှာ ကွယ်လွန်ပြီးမှသိ။

၁၄။ ကိုယ့်မျက်ချေးကိုယ်အရင်ကြည့်၊ သူများမျက်ချေးကို မပြောနှင့်ဦး။

၁၅။ ကြွက်သည် ကြောင်ကိုကြောက်သလိုပဲ။

၁၆။ ကြွက်ကိုဆောင်ထားသောညှတ်ကွင်းမိသလို၊ မျှစ်ချဉ်နှင့်ပလောင်ထားကတွယ်ငြိသည်။

၁၇။ ကြွက်သည် သူများကိုနှိုးသော်လည်း သူကတော့ အိပ်ရာကမထပါ။

၁၈။ ကြက်မသည် ကြက်ကလေးများကို ဝပ်သလို လူကြီးပီသပါစေ။

၁၉။ ကြိုးပေါင်းပင် သစ်ပင်တွယ်ကပ်သလို။

၂၀။ ကျိုးလိုဝိုင်းကူညီပြီး၊ ကြက်သွန်ဖြူလိုစုစည်းပါ။

၂၁။ ကြက်သွန်ဖြူလို စုစည်းပြီး၊ ကျိုးလိုခေါ်ညှပါ။

၂၂။ ကြောင်သည်အသားကိုမြင်သော်လည်း မစားပါကကြောင်ရူးဖြစ်သည်။

၂၃။ ကျားဆရာကြောင်လိုပညာသင်မပေးပါနှင့်။

၂၄။ ကျွဲနှစ်ကောင်ခတ်လျှင် လယ်ကန်သင်းပျက်သည်။

၂၅။ ကျောက်ခဲနှစ်လုံးကြားက ကြက်ဥလိုပဲ။

၂၆။ ကြွက်စပါးစားသလို၊ စကားပြောသံမြည်သည်။

၂၇။ ကြောက်လွန်းလျှင်သေမည်။

၂၈။ ကျောက်ကိုမလျှင်ပိုးတွေ့မည်မှာ အမှန်ဖြစ်သည်။

၂၉။ ကျောက်ကိုလုံးထားသော ကြံသကာလိုပဲ။ (ဥပမာ)

၃၀။ ကျောက်မဲကွဲပြီးသလိုပဲ။ (ဥပမာပေး)

၃၁။ ကတုံးအခြောက်လိုက်သုံးသည်။

၃၂။ ကြောင်မီးခဲနင်းမိသလို၊ တစ်သက်လုံးမွေးပြီး တစ်နပ်ထဲစားပစ်သည်။

၃၃။ ကျားကြီးလျှင် ခြေရာကြီးမည်အမှန်ပင်တည်း။

၃၄။ ကောင်းတဲ့စကားတစ်ခွန်းထား၊ အများကောင်းစားမည်။

၃၅။ ကုသိုလ်မဝေး၊ အနီးလေး။

၃၆။ ကောင်းကင်တံတွေး ထွေးက မျက်နှာပေါ်ကျမည်။

၃၇။ ကိုယ့်စိတ်နှင့်ယှဉ်၊ လူလည်းယဉ် အများခင်မင်သည်။

၃၈။ ကွဲရဲ့ပြီးကကောင်းစား၏။ ချိုးမွမ်းပြီးက ဆိုးတတ်၏။
၃၉၊ ဘြာလေကောင်းလေ၊ မြေမှာပတ္တမြားလို။
၄၀။ ကြာလေဆွေးလေ၊ သံကိုသံချေးဖျက်သလို။
၄၁။ ကြည့်ခြင်းအားဖြင့်ကောင်း၍ စိတ်မှာငရဲဖြစ်သည်။
၄၂။ ကြွေးယူတုံးက ကျေးဇူးရှင်၊ ကြွေးဆပ်မည့်အခါ ရန်သူထင်။
၄၃။ ကပြား မျိုးမရှိ၊ လူရူးစာမသိ။
၄၄။ ကြာကြာလုပ်မှ အဟုတ်ကျော်ကြားမည်။
၄၅။ ကောင်းလျှင်မပြင်နှင့် မြဲလျှင်မဖျက်နှင့်။
၄၆။ ကွဲ့ရဲ့သည့်စကားနောက်မှအကျိုးများ။
၄၇။ ကျည်းတန်အမျိုးပြ၊ ဖြူကောင်ဝမ်းဗိုက်ပြ
၄၈။ ကလေးကိုမမ်မ်နှင့်၊ လူကြီးကိုမဖီနှင့်။
၄၉။ ကောင်းစွာမသင်သောကလေး၊ ကောင်းစွာမသွေးသောဓား
အတူတူ။
၅၀။ ကောင်းလျှင်မများ၊ များလျှင်မကောင်း။
၅၁။ ကောင်းလျှင်သတိပေးစကား၊ မုန်းလျှင်မလိုမုန်းထားစကား။
၅၂။ ခွေးသည် သူ့သခင်ကိုချစ်သလို တပည့်သည်လည်း ဆရာ
ကို ချစ်ခင်သင့်ပေသည်။

၅၃။ ခင်တုန်းမှာ နွားလိုအချင်းချင်းလျက်ပြီး မုန်းလျှင် ခွေးနှင့်
ကြောင်မတည့်သလို မာန်စောင်၏။
၅၄။ ခွေးဖြစ်ပြီးသခင်မမှတ်မိသောခွေးမှာ ခွေးရူး။
၅၅။ ခွေးဖြစ်သော်လည်း မုဆိုးမအိမ်မှခွေးတော့မဖြစ်ချင်။
၅၆။ ခူယားကျောပေါ်ခုန်သလိုပဲ။ (ဥပမာပေး)
၅၇။ ခွေးစိတ်ကိုအီးနှင့်ဖြေဖျော်သည်။
၅၈။ ချေးလုံးရှိသော်လည်း ရေလိုသောက်ချင်သည်။
၅၉။ ခွေးချစ်လျှင် ခွေးမျက်နှာလျက်သည် အစေခံချစ်လျှင် အစေခံ
ခေါင်းခေါက်သည်။
၆၀။ ခုခေတ်လူမရူး၊ ကမ္ဘာဦး လူမလိမ်။
၆၁။ ခွေးလေးခုန်ပြေးပြီး သန်းကြီးအကြိတ်ခံရ။
၆၂။ ခွေးများကိုချစ်လျှင် အသားတုံးကိုပစ်မကျွေးနှင့်။
၆၃။ ခိုးစားလျှင်မမြိန်၊ လိမ်စားလျှင်မကြာ။
၆၄။ ချေလောက်ငယ်၍ သားရေကဆင်လောက်ရှိသည်။
၆၅။ ခုန်ဆွ ခုန်ဆွဖြစ်လောက်အောင်ဝမ်းသာသည်။
၆၆။ ချေသည် တောင်သမာသီးကို စွဲမိသကဲ့သို့။
၆၇။ ခြေမသိ၊ ခေါင်းမသိ အလုပ်လုပ်သော်လည်း ရသောငွေကို
မသုံးတတ်။

၆၈။ ခိုင်းသော်လည်းရေမရ၊ ထင်းမရ။

၆၉။ ဂျပိုးလိုအဆင်းရဲခံပြီး သွေးစုပ်သော်လည်းအသားမရှိ။

၇၀။ ဂူသွင်းသလိုအမှောင်ချနေသည်။

၇၁။ ငါးကြီးသည် ငါးငယ်ကိုစားသည်၊ ငါးငယ်သည် တီကောင်ကိုစားသည်။ တီကောင်သည် မြေကြီးကိုသာစားရလေသည်။

၇၂။ ငါးသည် ရေမှလွဲ၍ မည်သည့်နေရာမှ အသက်မရှင်နိုင်။

၇၃။ ငယ်ပင်ငယ်သော်လည်း ကုလားအော်သီးပါ။

၇၄။ ငွေချမ်းသာခြင်းကို ဆန်ရှားမှသိ ရဲရင့်ခြင်းကိုစစ်ရောက်မှသိ။

၇၅။ ငရဲကလူပြာပူ မကြောက်။

၇၆။ ငယ်တုန်းကဆေးကု၊ စောစောကချွေတာ

၇၇။ စောစောအိပ်လျှင် စောင်ကုန်သည်။ ညဥ့်နက်မှအိပ်လျှင် ကွမ်းကုန်သည်။

၇၈။ စောစောအိမ်ထောင်ပြုခြင်းသည် စောစောသေသည်ထက်တော်သေး၏။

၇၉။ စကားများခြင်းသည် ရိုက်ပွဲဖြစ်ခြင်း၏အစ လေလည်ခြင်းသည် စကားများခြင်း၏အစပဲဖြစ်သည်။

၈၀။ စုပြီးစားခြင်းသည်အားဖြစ်ပြီး စုပြီးဝတ်လျှင်ပိုမည်။

၈၁။ စစ်တိုက်ခါမှရဲမှန်းသိ။

၈၂။ စကားသွားသွားလာလာ ပြောသူကိုမယုံနှင့်။

၈၃။ စပါးရလိုလျှင် ကျွဲကိုမွေးပါ။ ဈေးလည်လိုလျှင် မြင်းကိုမွေးပါ။

၈၄။ စကားပြောတာ မိုးကြိုးပစ်သလိုပဲ။ (ဥပမာပေး)

၈၅။ စိတ်များလျှင်အကြံမအောင်။

၈၆။ စမ်းရေအေးသည် အိမ်ထဲမှကျည်တောက်ကိုမမှီ။

၈၇။ စားချင်မှချို၊ မစားလိုကခါး။

၈၈။ စကောနခမ်းမကြည့်နှင့်၊ စကြာဝဠာနခမ်းကိုကြည့်ပါ။

၈၉။ စောစောထလျှင်ချမ်းသာ နေမြင့်ထလျှင်ဆင်းရဲ။

၉၀။ စစ်ဖြစ်သော်အစာရှား၊ ငတ်မွတ်သော် ပိုးကောင်များ။

၉၁။ စကားများလျှင် လက်သီး၊ အီးများလျှင်ဆဲကြ။

၉၂။ စိတ်ကြောက်လွန်းကမကောင်း၊ စိတ်ကောင်းလွန်းကအရူး။

၉၃။ စကားရည်ရှူး၊ အီးတစ်လုံးမတန်။

၉၄။ စကားမများနှင့်၊ သောက်စားမကြွားသင့်။

၉၅။ စကားချော့ချော့၊ ဆဲတော့ချိုချို။

၉၆။ စကားများသောသူအလုပ်သမားမဟုတ်။

၉၇။ စားရသည့်ဘက်ကို အလိုလိုက်ပါ။

၉၈။ စုစားလျှင်ပျော်သည်၊ စုလုပ်လျှင်ပြီးသည် စုလှူလျှင်အကျိုးများသည်။

၉၉။ ဆင်းရဲသူက အအိပ်မက်၊ ချမ်းသာသူကစောစောထ။
၁၀၀။ ဆင်းရဲသူကစောသေးသည်၊ ချမ်းသာသူကနောက်ကျပြီ။
၁၀၁။ ဆင်းရဲသူကတော်ပြီ၊ ချမ်းသာသူက လိုသေးသည်။
၁၀၂။ ဆန်ရှိသော်လည်းရေနှင့်မီးရှိမှ ထမင်းဖြစ်သည်။
၁၀၃။ ဆင်ကောင်ကြီးသလောက် မျက်လုံးသေးသည်။
၁၀၄။ ဆေးပင်သည် တောမှာသာပေါက်သည်။
ပညာရှိသည် နေရာတိုင်းတွင်ရှိသည်။
၁၀၅။ ဆန်လက်တစ်ဆုပ် စုဆောင်းထားပါက စားလို့မကုန်။
၁၀၆။ ဆန်ရှိလျှင် ဆန်ကွဲပါ၏။ ချွေတာလျှင်ငွေရှိမည်။
၁၀၇။ ဆားကိုလျက်သော် မင်းသလိုဘဲ။ (ဥပမာပေး)
၁၀၈။ ဆင်းရဲခြင်းမသိသောမင်း၊ ခက်ခဲခြင်းမသိသောရဟန်း
ပရမ်းပတာလုပ်၏။
၁၀၉။ ဆင်းရဲကြောင်းမသိသောကလေး၊ လုပ်ငန်းအကြောင်းမသိ
သောရဟန်း နားလည်ရခက်၏။
၁၁၀။ ဆေးနက်ထိုးသည်ထက်နာတာမရှိ၊ စာသင်သည်ထက်
ခက်သည်မရှိ။
၁၁၁။ ညီကိုခစားကိုပေး၊ အစ်ကိုကိုအဝတ်ကိုပေး။
၁၁၂။ ညှို့မှောင်လုပ်တာ မမှန်မြတ်၊ ညှို့မှောင်ချိုးယိုတာမလွန်အပ်။

၁၁၃။ ဉာဏ်မရှိအပျက်ကြံ၊ နို့မရှိကလေးကန်
၁၁၄။ ဉာဏ်အားပြိုင်လျှင် ပညာရ၍ လူအားပြိုင်လျှင် အနာရသည်။
၁၁၅။ ငွေးလျှင်မာန်ကဲ မွဲလျှင်ရှူးတတ်။
၁၁၆။ ငွေးသူက စိတ်ရှင်၍ ဆင်းရဲသူက စိတ်ရှုပ်သည်။
၁၁၇။ တင်းကုပ်မမှတ်သောနွား ကျားစာဖြစ်သည်။
၁၁၈။ တောင်တက်မနား၊ တောင်ဆင်းသတိမထားဘဲမပြန်နှင့်။
၁၁၉။ တစ်ယောက်ကအရှူး၊ နှစ်ယောက်ကအရှူး၊ ပြောဖန်
များတော့ အရှူးဖြစ်
၁၂၀။ တောင်တက်လျှင် မမှီသော်၊ တောင်ဆင်းမှာမှီရမည်။
၁၂၁။ တောင်း၌မျက်လုံးမပါပါ။
၁၂၂။ တောကြောင်ခြေရာကျောက်ဖြာပေါ်တင်နေသလို။
၁၂၃။ တပည့်သည်ဆရာကိုမသင်၊ ညီသည်အစ်ကိုကိုသတိမပေးရ
ဟု မပြောသင့်။
၁၂၄။ ဘစ်ယောက်စကားတစ်ယောက်နား၊ တစ်ယောက်အား
တစ်ယောက်ဖလှယ်မှု။
၁၂၅။ တအားလုပ်ပြီးနည်းနည်းစားပါ။
၁၂၆။ တောင်ယာမီးရှို့လျှင် အောက်ဆုံးမှစရှို့ပါ။
၁၂၇။ တံချူနှင့်ချူသော်... လက်နှင့်မတူ။

၁၂၈။ တစ်ယောက်၏ဉာဏ်သည် တူတစ်ချောင်းနှင့်တူ၏။

၁၂၉။ ထရံထုတ်ခြစ်လောက်အောင်နာသည်။

၁၃၀။ ထက်သောဓားသည် သွေးသောကြောင့်မဟုတ်၊ လိမ္မာသော
သားသည် ဆုံးမရာအကြောင်းမဟုတ်။

၁၃၁။ ထင်းသုံးချောင်းနှင့် မီးမတောက်။

၁၃၂။ မလိမ္မာသောမိန်းမသည် အကန်ခံရတတ်သည်။

၁၃၃။ ထမင်းဝတ်မှာကြောက်လျှင် စပါးစိုက်ပါ။
ထမ်းရမှာကြောက်လျှင် နွားမွေးပါ။

၁၃၄။ ထမင်းစား၊ ဓားသွေး၊ တောင်းယူ၊ လက်ဖက်ခူး၊ အလုပ်နှင့်
လက်မပြတ်မှတစ်သက်လုံးထမင်းစားရမည်။

၁၃၅။ ထင်းရှူးပင်အတက်ပြန်မပေါက်နိုင်သလိုဘဲ။ (ဥပမာပေး)

၁၃၆။ ဒေါသဖြစ်တဲ့လူရိုး၊ စိတ်ဆိုးတဲ့လူယဉ်ဖြစ်လျှင် ကြောက်စရာ
အကောင်းဆုံးဖြစ်၏။

၁၃၇။ ဒေါသကြီးက စကားမမှန်။

၁၃၈။ ဓားကောင်းသည် ဓားအိမ်မှမချွတ်ပါ။

၁၃၉။ ဓားလွယ်နှင့် ဓားမကိုမခုတ်ပါနှင့်။

၁၄၀။ နားလျှင် ပျင်း၏။ မွဲလျှင်ရူးတတ်သည်။

၁၄၁။ နောက်ချေးသည်မြွေကို ပုပ်ဆွေးစေသလို၊ မိမိစကားကြောင့်
သူတစ်ပါးစိတ်ကို မပုပ်ဆွေးစေပါနှင့်။

၁၄၂။ နွားသိုးတင်းကုပ်လွှတ်သလို။ (ဥပမာပြ)

၁၄၃။ နွားနဖားကြိုးမပါသောနွား၊ အဖမ်းရခက်သည်။

၁၄၄။ နွားလိုပြေးနေရလျှင် မကြာမီသေလိမ့်မည်။

၁၄၅။ နွားကိုဆားနှင့်သာယဉ်ပါးစေရာ၏။

၁၄၆။ နံနက်နေသာခမောက်ပါ၊ နံနက်မိုးရွာရေဘူးပါ။

၁၄၇။ ပါးစပ်ကတော့အဘ၊အဘ၊ ခိုင်းတာဖြင့် ဘိနပ်ယူခိုင်း။

၁၄၈။ ပိုးဖြစ်လျှင် ဖြုတ်သီးပိုးဖြစ်ပါ၊ မစင်ထဲကပိုးတော့မဖြစ်ပါနှင့်။

၁၄၉။ ပါးစပ်ကစားသော်လည်း ပါးစပ်မနာ။
ဗိုက်ကသာနာစရာရှိနာရသည်။

၁၅၀။ ပညာသည် မီးလိုလင်း၍ နေလိုထွန်းစေသည်။

၁၅၁။ ပြောသောစကား၊ စားမပစ်နှင့်။

၁၅၂။ ပက်ကျိကသင့်ကို သရော်နေလျှင် သင်သတိထားပါ။

၁၅၃။ ပြောတော့ဇရပ်လို၊ နေတော့ဇရက်လို။

၁၅၄။ ပန်းသည် ပင်ရင်း၌မပွင့်လို

၁၅၅။ ပလောင်စာမပျောက်၊ အိုးကရွတ်ခွေနှင့်ယောက်မကိုကြည့်။

၁၅၆။ ပျက်လျှင်မုန်း၊ ရှုံးလျှင်ဆဲ၊ သူပဲငါ့အချစ်။

၁၅၇။ ပန်းဝတ်ရည်ချိုသော်လည်း၊ အသီးကခါးသည်။

၁၅၈။ ပျင်းလျှင်အလုပ်မပြီး၊ ညည်းလျှင်အလုပ်မဖြစ်။

၁၅၉။ ပြစ်တင်စကားနားမဝင်၊ ဖြူစင်စကား စိတ်ပျော်ရွှင်

၁၆၀။ ပျဉ်ပြားတစ်ချပ်ပေါ်မှာ လူနှစ်ယောက်မလျှောက်သင့်။

၁၆၁။ ပျောက်တာကကျွဲ၊ ဖမ်းလာတာကနွား။

၁၆၂။ ပါးစပ်ကမြှောက်၊ ဦးနှောက်ကစားချင်။

၁၆၃။ ပုခုံးကိုစီး၊ ခေါင်းကိုတီး

၁၆၄။ ဖရုံပင်သည် ဖရုံနွယ်နှင့်သာ

၁၆၅။ ဖြည်းဖြည်းသင်မှရ၊ ဖြည်းဖြည်းပြမှနိုင်။

၁၆၆။ ဖြည်းဖြည်းဆိုက နောက်ကျစေသည်။

၁၆၇။ ဖေဖေ့ထိုးစံမပယ်နှင့် မေမေ့ဓလေ့မမေ့နှင့်

၁၆၈။ ဘူးသီးပင်သည် ဘူးနွယ်နှင့်သာရှိ။

၁၆၉။ ဘူးပုလွေသည် ကြေးလျှာခင်နှင့် အသံသာယာသည်။

၁၇၀။ ဗိုက်ကနာသော်လည်း ဗိုက်မှမစင်မထွက်၊ စအိုမှထွက်သည်၊

၁၇၁။ ဘူးသီးခြောက်ဘယ်တော့မှရေမျောမနစ်။

၁၇၂။ ဘူးသီးခြောက်နှုတ်ခမ်းမှ ပျားရည်လိုပဲ။ (ဥပမာပေး)

၁၇၃။ ဘုန်းကြီးလည်းဘုန်းကြီးအလုပ်၊ ဒကာလည်းဒကာအလုပ်။

၁၇၄။ မိမိပေါင်ကို မိမိရိုက်ခြင်းသည် မိမိသာနာပေမည်။

၁၇၅။ မိုးကိုတံတွေးထွေးခြင်းသည်၊ မိမိမျက်နှာပေါ်သို့သာ တံတွေးကျရာသည်။

၁၇၆။ မျက်နှာကပေါင်းချောင်လိုပဲ။ (ဥပမာပြ)

၁၇၇။ မိဘစကားနားဝယ်မထားက ခံရစမြဲပဲ။

၁၇၈။ မျှစ်ချဉ်ခြောက်ပွလာသကဲ့သို့။ (ဥပမာပြ)

၁၇၉။ မိန်းမသွားပလိုင်းပါ၊ ယောကျာ်းသွားဓားပါ။

၁၈၀။ မစင်ခြောက်ကြိုက်သောကျီးကန်းလိုပဲ။ (ဥပမာပေး)

၁၈၁။ မြွေဥ္စဘယ်တော့မှ အမွေးမပေါက်ပါ။

၁၈၂။ မိုးရာသီမှာပလိုင်းဆွဲ၊ နွေရာသီမှာအိတ်ကိုဆွဲ။

၁၈၃။ မနေတတ်လျှင် နေစရာမြေကျဉ်းသည်။

၁၈၄။ မျက်လုံးလမ်းလျှောက်ထွက်လာသလိုပဲ။ (ဥပမာပေး)

၁၈၅။ မျောက်လက်ထဲ အံသီးပါသွားသလို။

၁၈၆။ မစင်ကိုဆူးပေါ်စွန့်သောသူ။

၁၈၇။ မြင်းတန်ဆာလိုတန်းလန်းကြီးပဲ။ (ဥပမာပေး)

၁၈၈။ မကောင်းဘူးဆိုခြင်းသည် မရှိဘူးဆိုခြင်းထက်တော်သေးသည်။

၁၈၉။ မသေခင်ကချစ်ခင်ခြင်းသည် သေပြီးမှစုတ်သပ်ခြင်းထက်ကောင်း၏။

၁၉၀။ မီးဘေးကြောက်လျှင် မီးတောက်ကင်းမည်။

၁၉၁။ မိမိဒေသမှာ ကြက်ဖလုပ်၍ သူများဒေသမှာကြက်မလုပ်ပါ။

၁၉၂။ မည်သူမျှလိမ္မာသောတိုင်းပြည်မှမလာပါ။

၁၉၃။ မိုးနှင့်မြေ ထိဘိသကဲ့သို့ စိတ်အမှောင်တူညီကြသည်။

၁၉၄။ မိဘက ငယ်သေးတယ်ပြောသော်လည်း၊ သူများကတော့ ကြီးပြီ။

၁၉၅။ မျက်လုံးနှင့်ကြည့်သော်လည်း မျက်လုံးက ကလိမထိုး၊ လက်ကသာကလိထိုးသည်။

၁၉၆။ မိန်းမလုပ်သူသည် သူ့အလုပ်သူသိလျှင်၊ ယောကျ်ားလုပ်သူကလည်း သူ့အလုပ်သူသိလျှင် မြေကြီးတည်သရွေ့မဆင်းရဲနိုင်။

၁၉၇။ မြေဩဇာကောင်းသော်လည်း မိုးမပါ၍မဖြစ်။

၁၉၈။ မိဘစကားမနားယူက အမြီးပေါက်မည်။

၁၉၉။ မရှိလျှင်မဝတ်နှင့်၊ မလုပ်လျှင်မစားနှင့်။

၂၀၀။ မည်းမည်းမြင်တိုင်း တစ္ဆေထင်လို့မဖြစ်။

၂၀၁။ မစိုက်မပျိုးဘဲရှိသူသည် မြတ်သီးတစ်တောင့်ပင်ငတ်နိုင်။

၂၀၂။ မျက်စိရှိသော်လည်းမမြင်၊ နားရှိသော်လည်းမကြား၊ လူဖြစ်သည်။ သို့သော်လည်း အပေါက်မပါသကဲ့သို့။

၂၀၃။ မိုးအောက်မြေပေါ် အပြောကြီးပဲရှိသည်။

၂၀၄။ မိုးထိအောင်စကားပြောသည်။

၂၀၅။ မောင်းကြီးလျှင် ထုသံကြီးသည်။

၂၀၆။ မျက်နှာမသစ်၊ လက်မဆေး၊ လူကိုမလေးစား။

၂၀၇။ မျက်နှာရွှင်ရွှင်၊ စိတ်မိုက်ယှဉ်။

၂၀၈။ မိန်းမဆိုးလျှင် ဆုံးမရမည်။ ယောကျ်ားဆိုးလျှင် သတ်ပစ်ရမည်။

၂၀၉။ မိန်းမမလိမ္မာလျှင် အကန်ခံရသည်။ ငှက်ပျောမမှည့်လျှင် မီးအတင်ခံရမည်။

၂၁၀။ မွဲသူသူဌေးဖြစ်တတ်သည်၊
ဆင်းရဲသူ သူကြွယ်ဖြစ်တတ်သည်။

၂၁၁။ မိန်းမစကားအရေးမယူ၊ လူငယ်စကားတန်ဖိုးမထား။

၂၁၂။ မေမေ့စကားနားမထောင်လျှင် ရှက်ရသည်။
ဖေဖေ့စကားနားမထောင်လျှင် ကြောက်ရသည်။

၂၁၃။ မူရှင်ကိုညဏ်ကစား၍၊ မူသေကိုသာသုံးကြပါ။

၂၁၄။ မျက်ပေါက်ကျဉ်းကလူနှိမ်သည်။
မျက်ပေါက်ကျယ်က လူရှောင်သည်။

၂၁၅။ မိမိယဉ်ကျေးမှုရှိက အများလေးစားမည်။

၂၁၆။ မိုးမကျမီမြောင်းဖောက်ရာ၏။

၂၁၇။ မိုးမချမီ ထင်းခွေထားပါ။

၂၁၈။ မပြုလုပ်မီဆင်ခြင်ရာ၏။

၂၁၉။ မျိုးချသည့်နေရာမထား၊ စကားဆိုသည့်နေရာမနေ။

၂၂၀။ မူယစ်သောက်စား၊ စီးပွားမဖြစ်

၂၂၁။ မွဲတာကြောက်လျှင် ပွဲကိုညတိုင်းမကြည့်နှင့်။

၂၂၂။ မရှုချင်လည်းချောင်းကြည့်ဟန်၊ မကြိုက်ချင်လည်း ချစ်မိဟန်

၂၂၃။ မသိဘူးသောအရှူး၊ မရှိဘူးသောမွဲ။

၂၂၄။ များများလုပ်လျှင်ကျွန်ဖြစ်၊ နှမျောလွန်းလျှင် စိတ်နောက်သည်။

၂၂၅။ များလျှင်ဖျက်၊ ပျက်လျှင်ရှာ။

၂၂၆။ မမြင်ဘူး၍အသုံးမရှိ၊ မသိဘူး၍မခင်မင်။

၂၂၇။ မမြင့်မောက်သော်လည်း သူ့အောက်မကျစေနှင့်။

၂၂၈။ မေတ္တာသည်အရာခပ်သိမ်းကို အေးစေသည်။

၂၂၉။ မစင်တစ်လင်ဗန်းအပြည့်စားပြသော်လည်း လိမ်တတ်သူကို မယုံပါနှင့်။

၂၃၀။ ယင်ကောင်မစင်အုံနေသလိုပဲ။ (ဥပမာပေး)

၂၃၁။ ယားတဲ့နေရာမကုပ်၊ လုပ်တဲ့နေရာမရှာ။

၂၃၂။ ရေသည်ထွက်လာလမ်းသို့ ဘယ်တော့မှမပြန်။

၂၃၃။ ရလိုလျှင် ခဏခဏပြောပါ၊ ဆွဲလိုလျှင်မွေးထားပါ။

၂၃၄။ ရွှေနှင့်ငွေသည် မည်သူ့မျက်နှာကိုမှ မထောက်ပါ။

၂၃၅။ ရဲသူမပြော၊ ပြောသူမရဲ။

၂၃၆။ ရလိုလျှင်နောက်ဖေးသွားသလိုလုပ်ပါ။

၂၃၇။ ရှူးတာပျောက်သော်လည်း နှမ်းတာကျန်သေးသည်။

၂၃၈။ ရှူးအောင်စားလျှင်ပါးစပ်မှ အန်ထွက်မည်။

၂၃၉။ ရေရွေးလျှင် သောက်ရန်မရှိ၊ မြေရွေးလျှင် နေစရာမရှိ။

၂၄၀။ ရေကျော်လျှင်ဆုံးအောင်ကျော်၊ ရေရွေးလျှင် ဆုံးအောင်ရွေး။

၂၄၁။ ရုပ်ထွေးပွေလီသောတိုင်းပြည်ရေးကြောင့် မိမိစိတ်ကိုမရှုပ်ထွေးစေပါနှင့်။

၂၄၂။ ရပ်ရွာမသာယာခြင်းဖြစ်သော်လည်း၊ မိမိအိမ်ထောင်မသာယာခြင်းမဖြစ်ပါစေနှင့်။

၂၄၃။ ရှုပ်လိုလျှင်မယားကြီးမယားငယ်ထား၊ ချိုချိုစားချင်လျှင်ပျားမွေးပါ။

၂၄၄။ ရေကုန်ထင်းကုန်အောင်ပြောသည်။

၂၄၅။ ရေနှင့်မီးမည်သူမှဆွေမျိုးမဟုတ်။

၂၄၆။ ရှေ့သွားနောက်ကြည့်၊ ရှေ့လျှောက်မည့်ခရီးဆင်ခြင်ရာ၏။

၂၄၇။ ရေစီးအားသန်လျှင် ရေမနက်ပေ။

၂၄၈။ ရေထဲကျလျှင်သဲ၊ ရေကျလျှင်အဖိစိ

၂၄၉။ ရှုံးလျှင်စိတ်ပျက်မည်။ တိုးတက်လျှင်ဘဝင်မြင့်မည်။

၂၅၀။ ရေကောင်းလျှင်မြို့သာသည်။

၂၅၁။ ရှင်သောညဏ်ကိုကြံ၊ သေသောညဏ်ကိုသင်။

၂၅၂။ ရွှေတစ်သန်းထက်၊ ဆေးတစ်ဇွန်းကပိုထက်သည်။

၂၅၃။ လူတွေ့တစ်ဖြစ်လဲသော်လည်း လက်ဖက်သည်တစ်ရာသိ ထက်မကပါ။

၂၅၄။ လှသွားလို အသွားလည်းစား အပြန်လည်းစား

၂၅၅။ လူကိုလိုက်ရှာရခြင်းသည် မြင်းနွားကိုလိုက်ရှာရသလိုမဟုတ်။

၂၅၆။ လူသည် တစ်သက်လုံးမကောင်းနိုင်သကဲ့သို့ ရေသည် တစ်သက်လုံးမကြည်နိုင်။

၂၅၇။ လက်ဖက်ခူးလျှင် မိမိစိတ်ကိုထိန်းပါ။ အိပ်ရာဝင်လျှင် စဉ်းစားပါ။

၂၅၈။ အလုပ်ခွင်မှာ နေထွက်သူသည် တစ်သက်လုံးမဆင်းရဲ။

၂၅၉။ လူငယ်သည်အအေးကိုနှစ်သက်သလို လူကြီးသည်မီးကိုနှစ်သက်၏။

၂၆၀။ လုပ်တိုင်းလည်းမသုံးရ၊ လုပ်တိုင်းလည်းမစားရ။

၂၆၁။ လူခဏလာဖြစ်ချိန်မှာ အမွေးမထုတ်လိုက်ပါနှင့်။

၂၆၂။ လူကငယ်ငယ်၊ ပြဿနာကကြီးကြီး

၂၆၃။ လက်ကကိုင်ရသော်လည်း လက်ကအနံ့မခံ။ နှာခေါင်းကသာအနံ့ခံနိုင်သည်။

၂၆၄။ လက်ဖက်ပင်သည် ကျောက်ပေါ်မပေါက်၊ စပါးပင်သည် သစ်ပင်ပေါ်မရှိ။

၂၆၅။ လက်ဖက်တောင်းလို့ ဘို့နှစ်ဘို့ထားပါ။

၂၆၆။ လိမ္မာလိုလျှင်ကျောင်းနေ၊ ရှုံ့ပေလိုလျှင်ချုံတိုး။

၂၆၇။ လေးသောကျောက်တုံးသည် ရေပေါ်တွင်မပေါ်။

၂၆၈။ လူပျိုအပျိုတွေ့လျှင် နွားငယ်မိခင်တွေ့သလိုနှင့်တူ၏။

၂၆၉။ လမ်းပေါ်သွားလျှင် လမ်းပေါ်မစင်မစွန့်ပါနှင့်။

၂၇၀။ လုံးလုံးတွေ့တိုင်းမငုံ့နှင့်။

၂၇၁။ လက်ဖက်ခူးလျှင် အထက်မှအောက်သို့ခူးပါ။

၂၇၂။ လူကိုရွေးလျှင် ခိုင်းရန်လူမရှိ။

၂၇၃။ လူရိုးကတပည့် လူလည်ကဆရာ။

၂၇၄။ လူကရိုးလျှင် ကြာရှည်စွာအကျိုးပေးမည်။

၂၇၅။ လူကောင်းတစ်ဦး၊ ဘီလူးတစ်ဆယ်။

၂၇၆။ လက်မရှည် ခြေမရောက်

၂၇၇။ လူရှုးစကားမမှန်၊ ဆင်းရဲသားစကားအဖိုးမတန်။

၂၇၈။ လက်ဆောင်ပေးတာချစ်မိတ်ဆွေ

၂၇၉။ လူကြုံနှင့်ပို့တာ၊ ကိုယ်တိုင်လာတာနှင့်မတူ

၂၈၀။ လုပ်နည်းမရ၊ မျက်နှာမရ

၂၈၁။ လုပ်လွယ်ပျက်တတ်၊ ခက်မှကြာရှည်

၂၈၂။ လူကောင်းနေရာမပြောင်း၊ ဆန်ကောင်းလှေ့စင်မှမလွင့်။

၂၈၃။ ဝက်ဝံလိုရရင့်ခြင်းသည် မထူး။

၂၈၄။ ဝတ်ဖို့စုပေါင်းလုပ်၊ စားဖို့စုပေါင်းလုပ်။
နေ့စဉ်ချွေတာလျှင် ထီးမိုးထားသည့်အရိပ်လိုအေးပေမည်။

၂၈၅။ ငါးကျည်တောက်နှုတ်ခမ်းကပျားရည်၊ ဆုံနှုတ်ခမ်းကဆန်စေ့။

၂၈၆။ သင်ယူသောအသိသည် နဂိုအသိကိုမမှီနိုင်။

၂၈၇။ သင်သော်တက်သည်၊ ဖြည့်သော်ပြည့်သည်။

၂၈၈။ သေလောက်အောင်ကြောက်၊ ရူးလောက်အောင်ချစ်။

၂၈၉။ သေသူကိုတ၍မငိုဘဲ၊ ထရံနားနေသူကိုတ၍ငိုသည်။

၂၉၀။ သိအောင်ရှာ တတ်အောင်လုပ်။

၂၉၁။ သားကိုငွေအိုး၊ သမီးကရွှေအိုး

၂၉၂။ သမက်သည် ယောက္ခမအထက်ကမထိုင်ကောင်း
ရှိသလောက်လည်းမပြောကောင်း။

၂၉၃။ သားငါးဟင်းရည်သည်၊ အသီးအရွက်ထက်တော့သာစမြဲ။

၂၉၄။ သူ့အိမ်ထမ ်း ဘး၊ သူ့ခြံထဲမစင်စွန့်သည်။

၂၉၅။ သူ့ငွေအားကိုးလျှင်မွဲမည်၊ သားရဲအားကိုးလျှင်သေမည်။

၂၉၆။ သေပြီးလူနောက်မှသတင်းကောင်းသည်၊ ပျက်ပြီးစားနောက်
မှထက်မြက်သည်။

၂၉၇။ သူ့ဥစ္စာနှင့်ဟန်လုပ်၊ ကိုယ့်ပိုင်ဥစ္စာမဟုတ်

၂၉၈။ သေတာမကြောက်၊ ဝေဒနာမပျောက်

၂၉၉။ သူ့သက်မသတ်၊ သူ့မြတ်အင်္ဂါ

၃၀၀။ သူ့အားကျေးဇူးပေးဟန်လုပ်ပြီး၊ သူ့ကိုယ်ပျက်စီးအောင်
မကြံနှင့်။

၃၀၁။ ဟောင်သောခွေးမကိုက်၊ ကိုက်သောခွေးမဟောင်

၃၀၂။ ဟင်းကောင်းမှ ထမင်းဝိုင်းကောင်းဖြစ်မည်။

၃၀၃။ ဟင်းသီးဟင်းရွက်စားလည်း တစ်နပ်စာပြီးသည်။

၃၀၄။ အသက်ကြီးလို့ ကိုယ့်ကိုယ်ကို မမှတ်မိသလို။ (ဥပမာပေး)

၃၀၅။ အထက်အိမ်၊ အောက်အိမ်စကားနားထောင်နေလျှင်
တစ်သက်လုံးမပြီးနိုင်။

၃၀၆။ အများကို ဦးဆောင်လျှင် ဦးဆောင်နွားလိုကျင့်။

၃၀၇။ အိမ်တွင်းမီးအပြင်ဘက်မမွေးနှင့်။
အပြင်မီးအိမ်တွင်းမယူလာနှင့်။

၂၀၈။ အမှတ်မထားသောသူသည်အရှုံး။

၂၀၉။ အဘိုးကအသီးအနှံစိုက်လျှင်
အဘွားကပန်းမာန်စိုက်လိမ့်မည်။

၂၁၀။ အရင်းမှလိမ္မာခြင်းသည် အဖျားမှလိမ္မာခြင်းထက်ကောင်း၏။

၂၁၁။ အပျိုကျတော့ လူပျိုအုံ၊ အအိုကျတော့ ယင်ကောင်အုံသည်။

၂၁၂။ အတက်မှပေါက်လာသောအပင်နှင့် မူလပေါက်သောအပင်
မတူနိုင်။

၂၁၃။ အဖော်ကိုမမှတ်မိသောသူလို။ (ဥပမာပေး)

၂၁၄။ အလကားနေခြင်းသည်ကိုက်ခဲ၍၊ အလုပ်လုပ်နေခြင်းသည်
အသက်ရှည်စေသည်။

၂၁၅။ အိမ်ကတော့ဝါးကပ်၊ အပြင်ထွက်တော့ရှင်လောင်း။

၂၁၆။ အိုးစည်သံသည် မောင်းထောင်းသံထက်သာယာသည်။

၂၁၇။ အတူတူနေတော့ကိုက်ကြ၊ ခွဲနေတော့တသသနှင့်။

၂၁၈။ အသောသူသည် အနိုင်ရအောင်ကြံ၍၊ စကားပြောသူသည်
အဟုတ်လုပ်သည်။

၂၁၉။ အနာသေးတုန်းဆေးကုပါ၊ ကြိုတင်ပြီးချွေတာပါ။

၂၂၀။ အသံထွက်သောချောင်းရေ၌ ငါးမရှိနိုင်။

၂၂၁။ အစ်ကိုက အဖအရာ၊ အစ်မကအမိအရာ… ညီကမညှဉ်းနှင့်။

၂၂၂။ အဝေးမှာရှိ[illegible]ဆွေမျိုးသည် ကြက်ဆွေမျိုးလိုဖြစ်သည်။

၂၂၃။ အဖေမှန်းအမေမှန်းမသိသောသူသည် အမြီးပေါက်သောခွေး
နှင့် ဘာမျှမခြား။

၂၂၄။ အစားကြီးပြီး မစင်များ၍ အလုပ်တော့ဘာမျှမဖာန်။

၂၂၅။ အကိုင်းဆိုသော်လည်း အကိုင်းခွဲသာဖြစ်သည်။

၂၂၆။ အရှင်သခင်ကိုကိုက်သောခွေးကိုထားရန်မသင့်။

၂၂၇။ အပျင်းထူလျှင် ဆင်းရဲခြင်း၏အစ။

၂၂၈။ အမေဖြစ်ပြီး အမေမလုပ်တတ်လျှင် အမေချေးစားရလိမ့်မည်။

၂၂၉။ အသံကြီးရေငါးမရှိ၊ အပင်ကြီးအပင်ကောင်းစပါးဆန်မရ။

၂၃၀။ အလှတစ်ယောက်၊ ကျောက်ပေါက်တစ်ဆယ်။

၂၃၁။ အတူနေကိုက်ကြ၊ အတူသွားဆဲကြ။

၂၃၂။ အပြောလွယ်လွယ်၊ တကယ်လုပ်မှအားကုန်သည်။

၂၃၃။ အကောင်အထည်မပေါ်၊ ဇာစ်မြစ်မတော်မလျှော်

၂၃၄။ အဝတ်ကိုသက်န်းလိုဝတ်၍၊ သင်္ကန်းကို အဝတ်လိုမဝတ်အပ်

၂၃၅။ အရမ်းပြေးသော်လဲ အရမ်းဆဲသော်အပြစ်

၂၃၆။ အပြစ်ဘယ်ကအစ၊ မောဟအပြစ်ရှာ

၂၃၇။ အိုးကိုစိတ်ဆိုး၊ ယောက်မအချိုးခံ

၂၃၈။ အိမ်ပြင်ကလူ၊ ခြံပြင်ကဟင်းရွက်

၃၃၉။ အရက်သမားသည် စကားကောင်းကိုဖျက်၏။
၃၄၀။ အတွေ့အကြုံများသောသူကိုအားကိုးပါ။
၃၄၁။ အရိုးမရှိသောလျှာ၊ အကြောမရှိသောသွား
၃၄၂။ အရက်သမားက လှည့်ပတ်ဉာဏ်သုံး၍၊ ဘိန်းစားကအာ
ကောက်ဉာဏ်သုံးသည်။
၃၄၃။ အသားရချင်လျှင် အရိုးကိုတောင်းပါ။
၃၄၄။ အတက်မမှိ၊ အဆင်းမမှိ
၃၄၅။ ဥစ္စာပစ္စည်းကို ကံကြမ္မာကစောင့်၍ ကိုယ်ခန္ဓာကို နှလုံး
သားကစောင့်သည်။
၃၄၆။ ဤသောင်မြင့်သည်ထက်၊ ထိုသောင်ကပိုမြင့်သည်။

* * * * *

"မွန်"
တိုင်းရင်းသား စကားပုံများ

၁။ ကဒတ်ကအမြစ်လိုက်၊ သားသမီးများက မျိုးရိုးလိုက်သည်။
၂။ ကြွက်များကတွင်းတိမ်။
၃။ ကျွဲချိုမှာ ချွန်စရာမလို၊ ကြက်တူရွေးနှုတ်သီးမှာ ဆေးခြယ်
စရာမလို။
၄။ ကရင်ကျောကုန်း၊ ကရင်ပလိုင်း။
၅။ ကန်စွန်းရေစီးသွား၊ ကြာရေစီးလာ။ (အပေးနှင့်အယူ)
၆။ ကျောက်သွေးဖန်များတော့ပါး၊ နှုတ်လိမ်းပါများတော့ပြာ။
၇။ ကိုယ့်ပေါင်သူများကိုလှန်မပြပါနှင့်။
၈။ ကန်စွန်းရေစီးသွား၊ အိုင်ရေစီးလာ
၉။ ကျွဲဖြစ်ကရေပေါက်ကိုသိပါစေ၊ လူဖြစ်ကအလိုက်သိပါစေ။
၁၀။ ကျားရှောင်၊ ဆင်နှင့်တွေ့။

၁၁။ ကျွဲဆိုးက နှာခေါင်းပြတ်၊ လူဆိုးက ခြေထောက်ဒဏ်ရာရ။

၁၂။ ကျောင်းလည်းနေ၊ ယက်မအနားလည်းမသိ။

၁၃။ ကျောက်ပေါ်မှာမလျှောက်နှင့်၊ မြစ်လယ်မှာမထိုင်နှင့်။

၁၄။ ကျိုးတာထက်ကောက်တာကပိုကောင်း။

၁၅။ ကျွဲချိုတိုက အင်အားကိုအားကိုး၊ ကျွဲဖြူက ချိုကိုအားကိုး

၁၆။ ကမ်းရောက်ခါမှ ပင်လယ်ရေစီးကြောင်းကပြတ်။

၁၇။ ကြိမ်ခုတ်လျှင် ဆူးကိုမထားရ၊ အဖကိုခုတ်လျှင်သားကိုမထားရ။

၁၈။ ကြိမ်ကိုအဖျားဘက်မှစဖျာပါ၊ သားသမီးကိုငယ်စဉ်ကဆုံးမပါ။

၁၉။ ကြီးသောငါးက ငါးကလေးကိုစား၊ ငါးကလေးကရေညှိကိုစား

၂၀။ ကမ်းနားလယ်မဝယ်နှင့်၊ တစ်ခြားရွာက ကညာမတောင်းနှင့်

၂၁။ ခေါင်းတစ်လုံးနှင့် ဒူးခေါင်းနှစ်လုံး။

၂၂။ ချစ်ကကူညီရမည်၊ နမျောက စောင့်ရှောက်ရမည်။

၂၃။ ခြေထောက်ထိ၊ ခေါင်းကြိမ်း။

၂၄။ ခြေထောက်စိုမှ သွားမြှုပ်(လုပ်မှစား)

၂၅။ ခိုင်းနွားကိုညနေဘက်တွင်မရှာနှင့်၊ မိန်းမပြတ်ကိုပွဲတွင်မရှာနှင့်။

၂၆။ ငါးပိလောက်ဖြစ်တော့ ဆားထည့်၊ ဆားလောက်ဖြစ်တော့
ထည့်စရာမရှိ။

၂၇။ ငါးရှဉ့်ကံ၊ မငရှဉ့်ရောက်၊ မုဆိုးကံ၊ မုဆိုးရောက်။

၂၈။ စပါးရှင်က ဖျာပေါ်နေရ၊ ရွှေရှင်ကမြေကြီးပေါ်နေရ။

၂၉။ စကားကျွံနုတ်ရခက်၊ ခြေထောက်ကျွံဒူးခေါင်းပြတ်

၃၀။ စားဝင်အိပ်ပျော်လျှင် သေဖို့မစိုးရိမ်လင့်။

၃၁။ ဆင်ဖြူတော်၊ ကျော်ကြားသတင်းကဖားကင်ဖြစ်

၃၂။ ဆင်လိုကြီးပြီး၊ မြွေလိုရှည်

၃၃။ ညောင်ပင်ပွင့်၍ကြံပင်သီး၊ ဆင်ဥ၍သမင်သားပေါက်။

၃၄။ တောင်ပို့မရှိတော့ ကြက်ချေးကမြင့်။

၃၅။ တစ်ယောက်တည်းခရီးမသွားရ၊ သစ်လုံးကိုတံကားမခင်းရ
ဘုန်းကြီးလွှန်ကိုဆရာမတင်ရ။

၃၆။ တော်သလင်းမိုး ကျွဲချိုပင်ခါ

၃၇။ တစ်လှေထဲစီး၊ တစ်သီချင်းထဲဆို၊ တစ်ခွက်တည်းသောက်

၃၈။ ဒီရေသံကြားက လှေမှမခုန်ဆင်းနှင့်။

၃၉။ ဓားမလည်းကုန်၊ လုံချည်စုတ်လည်းဆုံး။

၄၀။ နားရွက်မှာစွတ်ဖား၊ အမျက်မှာဝါး

၄၁။ နားရွက်ပြတ်မှ စိတ်ခက်ထန်သည်။

၄၂။ နတ်ကတော်ဓားအိမ် ဘုန်းကြီးဆံထုံး
(နတ်ကတော်ဓားမှာ သစ်သားဓားဖြစ်၍ ဓားအိမ်မရှိချေ)

၄၃။ နှီးကို အဖျားကဖျာပြီး၊ သားသမီးကို ငယ်စဉ်ကဆုံးမ

၄၄။ နွားကောင်းမကောင်းလှည်းဆွဲမှသိ၊ လူကောင်းမကောင်းအတူ တူနေမှသိ။

၄၅။ နွားကွဲကျားကိုက်၊ လူကွဲသူကြီးရ။

၄၆။ နွားသန်မသန် မြစ်အတက်မှာသိ၊ လူလှမလှ တရားထိုင်မှသိ။

၄၇။ နံ့ရှိုးသည်ကျောရိုးလောက်မမြတ်ပါ။

၄၈။ နေသာတော့ ချိုးငှက်ကကူ

၄၉။ နေမှာမိုးတွင်း မိခင်မှာမိထွေး။ (ဆိုးခြင်းကိုဆိုလိုသည်)

၅၀။ နှုတ်ကနှာခေါင်းထက်မရှည်နှင့်။

၅၁။ နွားကိုချစ်လျှင် ကျောင်း၍ကျွေးပါ၊ သားသမီးကိုချစ်လျှင် ကျောင်းထားပါ။

၅၂။ ပညာအရလွယ်၊ နည်းအံ့ရခက်

၅၃။ ပေါ့သောလှေ၊ ရေပေါက်၊ ပေါ့သောလူ ဒုက္ခရောက်။

၅၄။ ပညာရှိကိုနည်းနှင့်ဆုံးမ၊ လူမိုက်ကိုတတောင်နှင့်ဆုံးမ။

၅၅။ ပစ္စည်းလည်းကုန်၊ အကြံလည်းဆုံး၊ အမြီးလည်းပြတ်။

၅၆။ ပွဲလည်းကြည့်ရ၊ ဆားလည်းထမ်းရ

၅၇။ ပညာကိုလိုချင်လျှင် ဆရာ (၄)ဦးကိုသတ်ပါ။ (လောဘ၊ ဒေါသ၊ မောဟ၊ မာန) ကိုဆိုလိုသည်။

၅၈။ ပိန်ညှင်းငှက်ကိုလိုချင်လျှင် သစ်ပင်ပေါ်မှာပိုက်ထောင်။

၅၉။ ပညာရှိက နားသောတပျော့ပျောင်းသည်။

၆၀။ ပင်လယ်တို့မည်သည်မိတ်ဆွေမရှိ။

၆၁။ ဖွတ်အမြီး ဖွတ်လည်ပင်းပတ်

၆၂။ ဗိုက်ပြည့်က မျက်စိအစ်

၆၃။ မိုးရာသီမှာ မျှစ်ကိုစား၊ နွေရာသီမှာ ပုတတ်ကိုစား

၆၄။ မျက်ခုံးမွေးကိုလည်း မရိတ်နှင့် မင်းအမိန့်ကိုလည်းမဖီဆန်နှင့်

၆၅။ မင်း၏နား ငွေ့င်းတ၏မျက်စိ

၆၆။ မိခင်က သားကိုချစ်သလို၊ သားကမိခင်ကိုပြန်ချစ်လျှင် နတ်ပြည်ကျဉ်းလတ္တံ့။

၆၇။ မေတ္တာပေးသူသည် သစ္စာကိုယူသည်။

၆၈။ မြင့်မြင့်တက်၊ ဝေးဝေးမြင်၊ များများနာ၊ များများနည်းရ။

၆၉။ မြစ်ဝကိုပိတ်နိုင်သော်လည်း လူ့ပါးစပ်ကိုမပိတ်နိုင်။

၇၀။ မျက်နှာချိုက နားရှက်ပြန့်ကားသည်။

၇၁။ မွန်အိုတော့မြည်တွန်ပြု၊ ကရင်အိုတော့အလုပ်လုပ်။

၇၂။ မြို့အလိုက်မြို့ရိုးတည်။

၇၃။ မျိုးစပါးကိုအကုန်မစားနှင့်၊ လူကြီးများကို မရိုက်သတ်နှင့်

၇၄။ မျောက်မှာအမြီးကြောင့်ဆုံးရှုံး၊ လူမှာအမျိုးကြောင့်ဆုံးရှုံး။

၇၅။ မိုးရွာတုန်းရေခံ၊ နေပူတုန်းစပါးလှန်း။

၇၆။ မိုးမရွာမီ အိမ်ဆောက်၊ ရောဂါမကျွမ်းမီဆေးကု

၇၇။ မြစ်သည် သဲသောင်ပြင်ကြောင့်ပျက်ရသည်
လူသည်အပေါင်းအသင်းကြောင့်ပျက်စီးရသည်။

၇၈။ မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်

၇၉။ မိတ်ဆိုးသား၊ နို့များမရွေးရာ

၈၀။ ယာနားမြက်နွားမစား

၈၁။ ယုံကြည်က အသက်ဆုံးရှုံး၊ ခင်မင်ကကုန်။

၈၂။ ရှာရှိကစုန်းရှိ။

၈၃။ ရေကူးက ကမ်းရောက်သည်အထိကူး
နားထောင်က နည်းရသည်အထိနားထောင်

၈၄။ ရွှေကောင်းကိုဦးစရာမလို၊ အမျိုးကောင်းသားသမီးကို
ဆုံးမစရာမလို။

၈၅။ ရွှေစစ်ကကြေးမဖြစ်နိုင်၊ စိန်စစ်ကဂဝံကျောက်မဖြစ်နိုင်။

၈၆။ ရွှေကောင်းကပေခံ၊ တပည့်ကောင်းက အဆုံးအမခံ၊
သားသမီးကောင်းက မိဘအနှံ့အတာခံ။

၈၇။ ရုပ်ကသည်းခြာနှင့်မရှိ၊ သဘောကရှက်နှင့်မရှိ။

၈၈။ ရေစောင့်ကရေအတက်နေး
ထမင်းစောင့်က ထမင်းအကျက်နေး။

၈၉။ လွှတ်သောငါးကြီးပြီး၊ ဆေသောငါးဖွံ့သည်။

၉၀။ လယ်လုပ်ခြင်းမှာမခက်၊ လယ်တည်ရမှာခက်သည်။

၉၁။ လယ်နားကကျားအနံ့မသိ၊ မုတ္တမသားကသားပိုက်ကောင်
မှန်းသိ။

၉၂။ လှေပြေးခိုက်၊ တက်ကျိုးလိုက်။

၉၃။ လိမ္မော်သီးအရောင်ကြောင့် သံပရာသီးချို

၉၄။ လာမည့်ဘေးအဝေးကမြင်ရသည်။

၉၅။ လူမိုက်ဆူးတိမ်၊ လူလိမ္မာဆူးနက်။

၉၆။ လှိုင်းကြီးသော်လည်း ကမ်းရောက်ကအားလုံးပျောက်သည်။

၉၇။ လှေကမ်းမဆိုက်မီ တက်ဖြင့်ကြိုထိုးပါ။

၉၈။ ဝမ်းဗိုက်ငယ်တော့ ကင်ပွန်းချို။

၉၉။ ငါးကိုငယ်စဉ်ကဖြောင့်၊ သားသမီးကိုငယ်စဉ်ကဆုံးမ။

၁၀၀။ ဝမ်းကိုလည်းမသင်နှင့်၊ မျက်စိကိုလည်းအကျင့်မလုပ်နှင့်။

၁၀၁။ ဝမ်းဗိုက်အေးတော့ စိတ်မကောင်း။

၁၀၂။ သားကိုသံပရာသီးခန့်၊ မြေးကိုရှောက်သီးခန့်။

၁၀၃။ သူတစ်ပါးသားနှင့် ထမင်းဆုပ်မဖြုန်းရာ။
သူတစ်ပါးဇနီးနှင့်လည်း ကွမ်းမဖြုန်းရာ။

၁၀၄။ သိမ်းဆည်းကကြောင်အတွက်ဖြစ်၊ နေလှမ်းကကျီးအတွက်ဖြစ်

၁၀၅။ သားသမီးကိုချစ်က ကျောင်းထား
နွားကိုချစ်ကမောင်းလှန်ကျွေး။
၁၀၆။ သစ်နင်းသစ်ကျိုး၊ ဝါးနင်းဝါးကျိုး။
၁၀၇။ သံဃာရန်မိန်းမ၊ ဖားရန်မြွေ၊ ကျီးကန်းရန်ဥဩငှက်။
၁၀၈။ အိုခါမှ သစ်ပင်တက်
၁၀၉။ အစ်ကိုနှင့်ညီ၊ တုတ်နှင့်စည်
၁၁၀။ အစားနေမြင့်က ညည့်ထမင်းဖြစ်
၁၁၁။ အရှုံးမှာအဖော်ရှိ၊ လူကျယ်မှာပြိုင်ဘက်ရှိ၊ အကန်းမှာအဖက်ရှိ
၁၁၂။ အောက်ခြေရောက်သည်အထိငုပ်။
အဆုံးရောက်သည်အထိသွား။
၁၁၃။ အဆဲခံလိုလျှင် ကလေးကိုကျီစား၊ ကုတ်ခြင်းခံလိုလျှင်
ကြောင်နှင့်ကျီစား၊ ဖျားနာလိုလျှင် တစ္ဆေနှင့်ကျီစား။
၁၁၄။ အနေမတတ်တော့ သစ်ကြားညှပ်။
၁၁၅။ အမွေးစစ်က အနံ့ကိုမစွန့်လွှတ်။
လူစစ်ကအမျိုးကိုမစွန့်လွှတ်။
၁၁၆။ အမြင်တစ်ခုကျေးဇူးတစ်ထောင်။
၁၁၇။ အတွင်းဒိုး အိမ်ပြင်မထုတ်နှင့်၊ အပြင်မီး အထဲမသွင်းနှင့်။

* * * * *

"ကာယား"
တိုင်းရင်းသား စကားပုံများ

၁။ ကလေးစကားပြောလျှင် ချော့ရသည်။
ဝါးခုတ်လျှင် လက်နှင့်ဆွဲရသည်။
၂။ ခွေးများတစ်ကောင်ပြီးတစ်ကောင်တက်ဆင်းနေလင့်ကစား
အရိုးသာကိုက်ရသည်။ ကြောင်မူကားကြပ်ခိုးစင်ပေါ်တွင်
အိပ်နေရင်း သား၊ ငါး၊ ငါးခြောက်များ စားရသည်။
၃။ ကလေးကြီးလျှင် ယမင်းစားရသည်။
ရေကြီးလျှင် ငါးစားရသည်။
၄။ ချမ်းသာသောသူကို အဖော်လုပ်လျှင်ငတ်မည်။
ဆင်းရဲသူကိုပေါင်းလျှင် စားရသေးသည်။

၅။ စကားအရမ်းပြောလျှင် လျှော်ရတတ်သည်။
လှံကိုအရမ်းပစ်လျှင် ခွေးထိတတ်သည်။

၆။ စကားရိုးရိုးပြောလျှင် ပြီးလွယ်သည်။
ရေလွှတ်၊ မြောင်းသွယ်သည့်အခါ ဖြောင့်ဖြောင့်သွယ်လျှင်
အရောက်မြန်သည်။

၇။ ဆင်းရဲလည်းဆင်းရဲသေး၊ စိတ်ကြီးလည်းဝင်သေးသည်။
ဝက်ကပိန်လည်းပိန်သေး၊ ချိုးတုံးကလည်းကြီးသေးသည်။

၈။ ထယ်သွားတုံးလျှင်ကျောက်အကြားထိုးရသည်။
ဆင်းရဲသားလည်း အရဲစွန့်တတ်သည်။

၉။ ဓားများထက်လျှင် ဓားအိမ်မှာသာထက်ကတ်သည်။
ယောကျာ်းများလည်းရဲသည်ဆိုလျှင် အိမ်တွင်းမှာသာရဲကြသည်။

၁၀။ နွားများခုန်ကျွင့်ရှိလျှင် ဦးချိုခြောက်သည်အထိ ခုန်တတ်သည်။

၁၁။ ပိုးစုန်းကြူးကို အဖော်လုပ်လျှင် ချောက်ထဲကျတတ်သည်။
ပိုးဖလံကို အဖော်လုပ်လျှင် မီးပူတိုးတတ်သည်။

၁၂။ ဘုန်းကြီးကျောင်းတက်လျှင် ပန်းကုန်သည်။
မြို့သွားလျှင် ငွေကုန်သည်။

၁၃။ ဘောက်ဖတ်ထိဖူး သူတစ်ခါနှင့်မှတ်။
သစ်ရွက်ထိဖူးလျှင် တစ်သက်လုံးနောင်ကြဉ်သွားတတ်သည်။

၁၄။ မျက်စိလေးလုံးက မျက်စိနှစ်လုံးကိုနိုင်တတ်သည်။

၁၅။ မျက်တောင်ခတ်လျှင် အောက်ဘက်ကိုသာခတ်တတ်သည်။
အစာဝါးလျှင် အောက်သွားကသာအလုပ်လုပ်သည်။

၁၆။ မသွားဖူးသည့်လမ်းကို ခေါ်တိုင်းမလိုက်နှင့်။
မစားဖူးသည့်အစာကို ကျွေးတိုင်းမစားနှင့်။

၁၇။ ရတနာရှိရာ ရတနာစု

၁၈။ လူကွဲလျှင် စုန်းဖြစ်မည်။

၁၉။ သူများသားသမီးလှတာ ချီးမွမ်းနေလျှင် သူ့မိဘဝမ်းသာရုံသာ
ရှိမည်။

၂၀။ သူဌေးဖြစ်သူထံ အခမဲ့သွားရောက်လုပ်ကိုင်ပေးနေရသည်။
အသားဖြူနေပါလျက် ရေချိုးရာ ချေးတွန်းပေးနေရသည်။

၂၁။ သစ်ငုတ်သည် မြက်ထက်တစ်ခါမြင့်၍၊ မြက်သည် သစ်ငုတ်
ထက်တစ်ခါပြန်မြင့်သည်။

၂၂။ သူများခွေးကိုခေါ်လျှင် လှည့်၍ပင်ကြည့်မည်မဟုတ်၊ သူ့လမ်း
သူသွားလိမ့်မည်။ သူများကလေးကို သွားခေါ်လျှင်လည်း
မျက်နှာကြည့်ရုံပဲရှိမည်။

၂၃။ သူဌေး၏ လက်နက်ကားငွေ။
ဆင်းရဲသား၏ လက်နက်ကားခွန်အား။

၂၄။ အစားကောင်းစားရလျှင် မိဘကို မေ့တတ်သည်။
အလုပ်ကောင်းတွေ့လျှင် ဆွေမျိုးကိုမေ့တတ်သည်။

၂၅။ အပွင့်ကောင်းပွင့်လျှင် အကိုင်းအခက်၊ အထက်ကျသည်။

၂၆။ ဧည့်သည်က အိမ်ရှင်ကိုနိုင်တတ်သည်။

၂၇။ သူတစ်ပါးအိမ်ဝင်သော် အိမ်တွင်းသို့ကျော်မဝင်နှင့်။
ရွာဝင်းသို့ဝင်သော် သူကြီးကိုကျော်မသွားနှင့်။

၂၈။ တစ်ဦးတည်းခရီးသွားကရစ်ခြောက်တတ်သည်။
တစ်ယောက်တည်းစားက နင်တတ်သည်။

၂၉။ တောင်ယာခုတ်မှားလျှင် တစ်နှစ်သာ
လင်ယူမှား၊ မယားယူမှားသော် တစ်သက်တာ။

၃၀။ ရှုံ့ကြွယ်ကြီးသည် ဖျောက်ဆိပ်ကြွယ်ကလေးများထက်
ပိုလင်းသည်။

၃၁။ နှစ်မိဘားတို့ကို တစ်မိဘားသို့မှတ်။
မီးဖိုနှစ်ဖိုလည်း တစ်ဖိုတည်းစုစည်းပါ။

၃၂။ ဘီလူးချောင်းမှ ပွန်ချောင်း၊ ပွန်ချောင်းမှ သံလွင်မြစ်ကိုစီးဝင်
ရသည်မှာ ဓမ္မတာပင်။

၃၃။ လူကြုံလျှင်၊ ပန်းကန်ခြင်းထဲရောက်။

၃၄။ သူ့သမီးလိုချင်၊ ဂိဘကိုမေး။
ဖားစည်ကိုလိုသော် ပိုင်ရှင်ထံတွင်တောင်း။

၃၅။ အမိစကားကိုနားထောင်လျှင် ဆင်ရိုင်းကိုပင် စိုးမိုးနိုင်၍
အဖစကားကိုနားထောင်လျှင် စော်ဘွားကဲ့သို့ တံခိုးထွား
လိမ့်မည်။

* * * * *

"ပအို့"

တိုင်းရင်းသား စကားပုံများ

၁။ ကလေးမျက်နှာမြင်ခါနီးမှ အနီးဆုတ်သည်။

၂။ ကြက်ကအိပ်သော်လည်း တောကြောင်ကားမအိပ်။

၃။ ကြက်ဥကျောက်တုံးပေါ်ကျမိလည်း ကြက်ဥပဲကွဲရသည်။
ကျောက်တုံးကြက်ဥပေါ်ကျလည်း ကြက်ဥပဲကွဲရသည်။

၄။ ကုန်းမြင့်လျှင်ရေမတင်၊ ဂုဏ်မြင့်လျှင်လူမခင်။

၅။ ကိုယ်ကတော့ ပြာလူးသလို၊ ဝါသနာကတော့ ရွှေချသလို။

၆။ ကျိုးအာသီးဟာ အခွံလှပါသည်။

၇။ ကဲ့ရဲ့တဲ့လူဟာခြံလုပ်တယ်
တော်တဲ့သူဟာ တောင်သူလုပ်တယ်။

၈။ ကြက်မတွန်ငှက်ကာ မိုးမလင်းနိုင်ဘူး။

၉။ ကြွက်များလျှင် ကြွက်တွင်းတိမ်ပါသည်။

၁၀။ ကျောက်ဖြုန်းခဲကလေးများနှင့်
တောင်ကိုပက်သည့်နှယ်။ (ဥပမာပြ)

၁၁။ ချုံကလေးထဲမှာလည်း ကျားရှိတတ်သည်။

၁၂။ ခြေမနားမှာသာ မကြည့်နှင့်။

၁၃။ ခွေးကလူကိုကိုက်သည်။ လူကခွေးကိုပြန်မကိုက်သင့်

၁၄။ ခြောက်သည့်စပါးသည် ဖျာထဲမှာပင်ဖိတ်သည်။

၁၅။ ချစ်တာဟာ မုန်းတီးခြင်းဖြစ်တယ်။
သနားတာဟာ အမြင်ကပ်ခြင်းသာဖြစ်တယ်။

၁၆။ ဂွမ်းလိပ်ကိုမျိုတာချည်ခင်ကျတယ်။
ဝါးကပ်ကိုမျိုတာ ဝါးပင်ကျတယ်။
ချုံပိတ်ပေါင်းကိုမျိုတာ လွင်တီးခေါင်ကျတယ်။

၁၇။ ငါးဖွဲခြောက် အိုးကပ်။

၁၈။ ငါးမရှိတော့ ဖားစွန်၊ စောင်မရှိတော့ အဝတ်စုတ်ကနွေးတယ်။

၁၉။ ငါးရံ့ဟာကြာပင်အောက်မှာရှိပေမယ့် ကြာဝတ်ရည်ကိုမစားရ။
ပျားကြီးဟာ တခြားမှာရှိသော်လည်း ကြာဝတ်ရည်ကိုစား
ရသည်။

၂၀။ ဧရာဝတ်ကျည်ပွေ့လို နှစ်ဘက်စလုံးပူရသည်။

၂၁။ စွန်ဟာရေကိုဆန်တယ်။

၂၂။ စကားပြောင့်ပြောင့်ပြောလျှင် နားထောင်ရခက်တတ်သည်။

၂၃။ စကားမှန်လျှင် ရွှေထက်အဖိုးတန်သည်။

၂၄။ စပါးဖျင်းဟာ တလင်းထွက်တယ်၊ လူဖျင်းဟာရွာထွက်တယ်။

၂၅။ ဆင်သလို လွယ်သလောက်၊ လူသဖို့ကခက်တယ်။

၂၆။ ဆရာဟာ သူ့များမှာရှိတယ်။

၂၇။ ဉာဏ်နှင့်ပညာ စာမှာရှိသည်၊ စာများများဖတ်မှ အကြားအမြင်များမည်။

၂၈။ တစ်ဆယ်မရမှတော့ ကိုးကမိုဝေး။

၂၉။ တံပိုးကွင်းကိုရှောင်တဲ့ကျွဲ။

၃၀။ တောင်ထိပ်မှာမိုးရွာလျှင် တောင်ခြေမှာရေရောက်သည်။

၃၁။ တောကောင်အရိုင်းသည် မွေးမြူထားသည့်အကောင်ကို အနိုင်ကျင့်၏။

၃၂။ တိရစ္ဆာန်ဆိုပေမယ့် လူကိုသင်ပေးတယ်။

၃၃။ တောင်ယာသွားကျွဲမေ့။

၃၄။ တစ်ချက်ခုတ်၊ သုံးပိုင်းကျိုး။

၃၅။ ထင်းစိုကို ထင်းရှူးလုပ်ရတယ်၊ တစိမ်းလူကို ဆွေမျိုးလုပ်ရတယ်။

၃၆။ ထွေးပြီးလျှင် ပြန်မမျိုတော့ဘူး။

၃၇။ ထောက်တိုက ကြမ်းကိုလွှန်တယ်။

၃၈။ ဓားအရိုးကျွတ်လျှင် အရိုးပဲရတယ်။

၃၉။ နားရွက်ဖားဖားနှင့် ချိုကဖျက်သေး။

၄၀။ နောင်နှစ်ဝေးတာလောက်တော့ ရှေးဘဝကပိုလို့ဝေး

၄၁။ နောက်ကျတဲ့ နွားတုံးဆွဲ။

၄၂။ နာမည်ကကိုယ်ထက်ကြီးတယ်။

၄၃။ နွားဆိုလျှင် ကန်တဲ့အကျင့်ရှိရမယ်။

၄၄။ ပြည်တောင်းက ခွဲတောင်းထက်ကြီးတယ်။

၄၅။ "ဖလောင်ဆီး" လို့ခေါ်တဲ့အသီးဟာ ချောမွတ်တဲ့အသီးမျိုးဖြစ်ပေမယ့် အထဲကခါးတဲ့ အရသာရှိတယ်။

၄၆။ ပုပ်တဲ့အရာဟာ အနံ့ထွက်တယ်။

၄၇။ ပစ်တာကတော့ စပါးကိုဖောက်စားတဲ့ကြွက် တုတ်ထိတာကတော့ စပါးကျီ။

၄၈။ ပဲတောင့်ဘယ်လောက်ရှည်ရှည် ပဲစင်းငုံလို အိုတာပါပဲ။

၄၉။ ဖွားသီလရှင်ခေါင်းနှင့်ဘီးသည် ဝေးကွာလွန်းသည်။

၅၀။ ဖြောင့်ဖြောင့်ပြောလျှင် နားထောင်ရခက်သည်။

၅၁။ ဘယ်ရွာမှာနေနေ၊ နေတဲ့ရွာကနီးနဲ့ချည်ရမယ်။
ဘယ်နိုင်ငံမှာနေနေ၊ နေတဲ့နိုင်ငံက နီးနဲ့ပဲချည်မှဖြစ်မယ်။

၅၂။ မိုးပြာကိုကြည့်။

၅၃။ မျက်စေ့ဖြဲ လည်ပင်းဆန့်။

၅၄။ မျောက်နီတစ်ကောင်၊ မျောက်ညိုတစ်အုပ်။

၅၅။ မီးကနီးတယ်၊ ရေကဝေးတယ်။

၅၆။ မျှစ်ထွက်တာ မြေထဲပြန်ဝင်ဖို့မဟုတ်

၅၇။ မျှစ်ကဝါးရုံကိုလွန်သည်။

၅၈။ မျိုချလျှင် ရှတယ်၊ ထွေးပစ်လိုက်လျှင် အဆီရှိသည်။
(မထွေးနိုင်၊ မအံနိုင်)

၅၉။ မိုးနဲ့မြေ၊ နိဗ္ဗာန်နဲ့ငရဲ။ (ဥပမာပေး)

၆၀။ မီးဖိုကိုပတ်ပြီး ထမင်းအိုးလှည့်လျှင် နဂိုအတိုင်းပြန်ရှိတယ်။

၆၁။ မချိုတာက ဟန်းဆောင်ရှက်။
မကောင်းတာက မိထွေး၊ မမြဲတာက ပထွေး။

၆၂။ မိန်းမမာယာ၊ နှမ်းလုံးသုံးတင်း။

၆၃။ မျက်စေ့က ဝမ်းဗိုက်ထက်ကျယ်တယ်။

၆၄။ မိုးလွန်မှထယ်ထိုး။

၆၅။ မီးစကိုမှိုလျှင် မီးခဲပဲကျတယ်။
ကျည်ပွေ့ကို မှိုလျှင် ဆုံကျတယ်။

၆၆။ မြားမှန်ဖူးတဲ့ ကျီးကန်းငို။

၆၇။ မှန်တဲ့စကားကို ပြောလျှင် နားထောင်ရခက်တယ်။
ဖြောင့်တဲ့သစ်ပင်ဟာလဲ အတက်ရခက်တယ်။

၆၈။ ရွာညီလျှင် ကျားမဝင်နိုင်။

၆၉။ ရိုးရိုးဝတ်၊ ရိုးရိုးစား၊ ရိုးရိုးနေ။

၇၀။ ရေနက်နက်ကြီးမှာ ကျောက်ခဲမမြင်နိုင်။

၇၁။ ရေဘူးတစ်ရာအပေါက်ပိတ်လို့ရသော်လည်း ပါးစပ်တစ်ပေါက်
ကို ပိတ်လို့မရနိုင်။

၇၂။ ရေကိုနှောက်ပစ်ပြီးမှ ပြန်သောက်သော် မချိုတော့။

၇၃။ လှေကားကိုဖြုတ်၊ ခွေးကိုခေါ်၊ နွားကိုဆွဲ။

၇၄။ လူတစ်ယောက်တည်းအမှုကတစ်ထောင်

၇၅။ လက်မောင်းကျိုးလျှင် အကျႌထဲမှာပဲကျိုးတယ်။

၇၆။ လူပျင်းလမ်းလျှောက်၊ လူဖျင်းလမ်းသလား။

၇၇။ လက်ညှိုးကိုချေးလူးတာနှင့် မဖြတ်ပစ်နိုင်။

၇၈။ လှေနံဓားထစ်၊ ဓောင်သူလှေနံထစ်။

၇၉။ လူမမြင်သော်လည်း နတ်မြင်သည်။

၈၀။ လူဆိုးလုပ်တယ်ဆိုတာ သစ္စာမှန်မှ အသက်ရှည်တယ်။

၈၁။ လူဆိုတာ အမှားအောက်မှာရှိတယ်။

၈၂။ လူတစ်ယောက်တည်း
လွယ်အိတ်နှစ်လုံးလွယ်ရသလို။ (ဥပမာပေး)

၈၃။ လူကတော့အဝတ်နက်၊ စိတ်ကတော့ရဟန်းစိတ်။

၈၄။ ဝီရိယက ကံကိုနိုင်တယ်

၈၅။ သတိရှေ့ကထား၊ မာနနောက်မှာနေ။

၈၆။ သံဝေဂဟာ နောက်မှရခြင်းတစ်မျိုး။

၈၇။ သူများဖို့ ကိုယ့်ဖို့ထားပေးပါ။

၈၈။ သူများမျက်ချေးကိုအလျှင်စမပြောနှင့်၊ ကိုယ့်မျက်ချေး
အလျှင်သုတ်။

၈၉။ သူတစ်ပါးကိုမကောင်းကြံစည်တာဟာ ကိုယ့်ဆီကိုပြန်လာတယ်

၉၀။ သားသမီးကငိုမှ၊ အမိကနို့တိုက်။

၉၁။ အမိကပြောက်သော် အဥကကျားတယ်။ (ပြောက်၊ကျား)

၉၂။ အနေမတတ်သူအဖို့လည်ပင်းဂဏာန်းညှပ်တာမဆန်း။

၉၃။ အမိကရိုးသော်ကြား၊ ကလေးကတတ်။

၉၄။ အိုးပဲ့နှင့်ပန်းကန်ရွဲ့လဲလျှင် အလိုက်မရှိဘူး။

၉၅။ အခက်ဆုံးဟာ အကျိုးဖြစ်တယ်၊ အလွယ်ဆုံးဟာအမှိုက်ပါပဲ။

၉၆။ အပ်ဖျားလောက်ပြောပေမယ့်၊ ကွဲတော့တောင်လောက်ကြီး။

၉၇။ အထဲကဖျင်ကြမ်း အပြင်ကဖဲ။

၉၈။ အသားကိုကုတ်လျှင် အရိုးကိုထိတယ်၊ ခြေကိုယက်လျှင်
ကျောက်ခဲကိုထိတယ်။

၉၉။ အပ်နောက်ကိုချည်လိုက်ရသည်။

၁၀၀။ အားလုံးညီလျှင် ရန်လုံသည်။

၁၀၁။ အလုပ်တစ်လံ၊ အပြောတစ်ထွာ

၁၀၂။ အလုပ်ထက် အဖျက်လွယ်။

၁၀၃။ အဖတ်ကိုသူများစားတယ်၊ ပန်းကန်ကိုတော့ ငါတို့ဆေးရ။

၁၀၄။ အကောင်အထည်ကို ရချင်လို့ အရိုးကိုစပေးတယ်။

၁၀၅။ အသက်တစ်ရာမနေရဘူး၊ အမှုတစ်ရာ တွေ့ရမယ်။

၁၀၆။ အရွက်ထူမှ အရိပ်အေးတယ်။

၁၀၇။ အမှီခိုကောင်းမှ အောင်မြင်နိုင်တယ်။

၁၀၈။ အပင်စိုက်ထား၊ အသီးစားဖို့။

၁၀၉။ အမြင်ကပ်တာဟာ မြင်ချင်တာပါပဲ။
မျက်စောင်းထိုးတာဟာ ကြည့်ချင်တာပါပဲ။

၁၁၀။ အိမ်ထောင်သည်လို့ဆိုလျှင်လည်း အိပ်ခန်းမမြင်ဘူး။
ခင်ပွန်းသေသူဆိုလျှင်လည်း မြေပုံစာမတွေ့ရဘူး။

၁၁၁။ ဦးချိုကိုရှက်ထားတဲ့ နွားဟာ ဦးချိုကိုပြန်မမြင်ရဘူး။
ကံကိုရှက်ထားတဲ့လူဟာ ကံကိုပြန်မမြင်ရဘူး။

၁၁၂။ ဩဇာသီးဟာ ဖုထစ်ပြုတ်ထနေတဲ့ အသီးမျိုးဖြစ်ပေမယ့်
အထဲကချိုမြတဲ့ အရသာကိုပေးစွမ်းတယ်။

* * * * *

ဓနု တောင်ရိုး

တိုင်းရင်းသား စကားပုံများ

၁။ ကိုယ့်ကိုကိုယ်ကြိုးဆွဲချ။

၂။ ကြောင်ခိုင်းလို့နှင်းမတွေ့၊ ခွေးစေလို့ရေမရ။

၃။ ကျောက်ကျောရေပေါက်မဝင်၊ လိပ်ကျော ကြောင်ကလော်သလို။

၄။ ကင်ပွန်းတပ်ပွဲ၊ မီးမှုန်။

၅။ စပါးလည်းဆုံး၊ လူလည်းဆုံး
(မြွေပါလည်းဆုံး၊ သားလည်းဆုံး)

၆။ စပါးပြာ သာနိုးနိုး၊ စပါးတောင်း၊ ကောင်းနိုးနိုး။

၇။ ဆပ်ထမင်း၊ ချိုးကောင်လုပ်။

၈။ တောင်ရိုးကားတင် တစ်နေဝင်၊ ဗမာဟိုနား တစ်နေ့သား။

၉။ တွင်းဆုံးကျွဲလျှင် နုတ်ရသည်။ စကားကျွဲသော် နုတ်မရ။

၁၀။ တရားလည်းနာ၊ ပျားလည်းရှာ။

၁၁။ တစ်စလောင်းကုန်လို့မှ လူးမှုန်းမသိ၊ ဆပ်မှုန်းမသိ။

၁၂။ နွားပျင်းတော့ ချိုကုတ်၊ လူပျင်းတော့ မီးမှုတ်။

၁၃။ ပညာတတ်တော့ သင်ဖြူး၊ သိုင်းတတ်တော့မြေလူး။

၁၄။ ပျားပြောင်းတော့ သစ်ခေါင်းကျန်။

၁၅။ ပဲစား ပဲဂုဏ်၊ ဆပ်စား ဆပ်ဂုဏ်

၁၆။ ပုပ်ထဲကပဲတလဲ့လဲ၊ (သည်ပုပ်ထဲကသည်ပဲ)

၁၇။ ဘုရားလည်းဖူး၊ ပျားလည်းတူး။

၁၈။ ယာနားနီးချင်း၊ ဆွေမျိုးရင်း

၁၉။ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ

၂၀။ ရေနိမ့်ရာစီး၊ မီးမြင့်ရာလောင်

၂၁။ လူဖျင်းရှိရာ လူဖျင်းလာ၊ အမှိုက်ရှိရာခွေးချေးလာ။

၂၂။ လူအမောင်းနင်း၊ လူပျင်းထင်းခွေ

၂၃။ သမီးရှက်တော့ သားမက်ဖမ်းတစ်လမ်းမှာ။

၂၄။ သူ့အရိပ်မှာလည်းမခိုနိုင်၊ သူ့အကိုင်းလည်းမချိုးနိုင်။

၂၅။ သူ့ရွာမှာနေသူ့သနွေ။

၂၆။ အသွားတစ်တိုင်ရှိမှ၊ အပြန်တစ်တိုင်ရှိမည်။

၂၇။ အကြောင်းပေါ်... တောင်ပေါ်သို့ ပင်ရေစီး။

၂၈။ ဘပ်သွားရာအပ်ချည်ပါ။

* * * * *

“အင်းသား”

တိုင်းရင်းသား စကားပုံများ

၁။ ကျားစားစားပြီး၊ ကျားတော်တော်

၂။ ကံယုံပြီးရေပေါ်လမ်း မလျှောက်နိုင့်။

၃။ ကြံနက်လျှင်အေး၊ လူနက်လျှင်မွှေး။

၄။ ကျွဲပါးစောင်းတီး၊ ကျီးနားစာဖတ်။

၅။ ခေါင်းလောင်းနှင့် ခမောက် မလဲနိုင့်။

၆။ ခြေမသန်ဘဲနှင့် ခြေထောက်နှင့်မလျှော့နိုင့်။

(ခေမသန်ဘဲနှင့် ခေပယ်မကောက်နိုင့်)

၇။ ခွေးမြီးကောက်ကျည်တောက်စွပ်၊ စွပ်တုန်းခဏပင်။

၈။ ငါးရဲ့ကြီးလျှင်စားကောင်း၊ လတပေါင်း။

၉။ “ငါးအုံမက်” တစ်ကောင်ကြောင့် တစ်လှေလုံးနံ။

၁၀။ စပါးဖျင်းဖျာအပြင်၊ လူဖျင်းရွာအပြင်။

၁၁။ တဖောင်သီးပင်၊ ကျီးနားသလို။

၁၂။ တစ်နေ့မင်း၊ တစ်နေ့ယင်း။

၁၃။ တက်ကောက်နှင့်ချိတ်၊ တစ်ကျိပ်လောက်ပါ။

၁၄။ ပန်းလည်းလှစေ၊ ပျားလည်းဝစေ

၁၅။ ပဲပုပ်ထောင်းစားပြီး ခေါင်းပြားအောင်အိပ်။

၁၆။ ဖားလိုမခုန်ဘဲ ငါးကဲ့သို့ကျင့်ရာသည်။

၁၇။ မလိုတမာခါး လိုသကာပျား

၁၈။ မရှိလျှင် ဖားတစ်ကောင်၊ ရှိလျှင်ကျားတစ်ကောင်

၁၉။ မီးလောင်မှ "ရေဖွဲ့ရိုးရှည်" ရှာသလို။

ရေဖွဲ့ရိုးရှည် = ရေလောင်းရန်လက် ကိုင်ရိုးအရှည်တပ်ထားသောသံပုံး။

၂၀။ မြောက်ပိုင်းသူကွမ်းအစ်မပြနှင့်။

တောင်ပိုင်းသူကိုတော့ စကားမစနှင့်။

၂၁။ လူစားလျှင် နတ်ထည့်လိမ့်မည်။

လူငတ်လျှင် နတ်ဖြည့်လိမ့်မည်။

၂၂။ လူပုံ "ခလာကျယ်"၊ လူရှည်နေရာရှား။

ခလာကျယ် = လူတွင်ကျယ်လုပ်သည်။

၂၃။ လူပုလျှင်မြဲ၊ လှေပုလျှင်ဝဲ။

၂၄။ လှေမျောလှေနှင့်ဝင် (လှေမျော လှေနှင့်လိုက်)

၂၅။ လှေပျောက်မှလှေကြိုးရှာ။

အထည်ပျောက်မှ အိမ်အောက်ထရံကာ။

၂၆။ လှေဆင်းတက်မေ့။

၂၇။ သံယောင်နှင့်မင်းမပေါင်းနှင့်။

၂၈။ သူခိုးပွန်မှ လှံကွန်။ (သူခိုးပြေးမှ ထိုးကွင်းထ)

၂၉။ အင်းလယ်ရောက်မှ ဆန်ဈေးတောင်းသည်။

၃၀။ အများစားတော့ဝမ်၊ အလုပ်များတော့တွမ်။

၃၁။ အထုပ်ကြီးလည်းမထမ်းနှင့်။

ရှေပ်သီးလည်းမစားနှင့်။

၃၂။ အိုးသခင် ဆန်စိမ်းဝါး

မြင်းသခင် ခြေလျှင်သွား။

* * * * *

“ရဝမ်”

တိုင်းရင်းသား စကားပုံများ

၁။ ကြက်ဥမပေါက်သေးမီ၊ ကြက်ကလေးမရေပါနှင့်။

၂။ ကျီးကိုရေချိုးပေး၍မဖြူနိုင်၊ ကျွဲချိုကိုမည်မျှပြုတ်သော်လည်း အသွေးမပြောင်း။

၃။ ခွေးဟောင်သော်လည်း တောင်မရွေ့၊ ငယ်သားတို့ခြိမ်းခြောက်သော်လည်း အုပ်ချုပ်သူတို့မကြောက်။

၄။ ခွေးသည် အမဲလိုက်ကတ်သော်လည်း အမဲမဖျက်တတ်။

၅။ ရမည်ဟုမျှော်လင့်လျှင်ကောင်းအောင်လုပ်ပါ။

၆။ ရန်သူ့လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏။

၇။ လူကိုခင်လျှင် လွယ်အိတ်ကိုမနှိုက်သင့်။

၈။ အတော်အသင့်ဟူသည် ပိုများသည်ထက်ကောင်း၏။

၉။ အမွေးသည် အတောင်ကိုလှစေသည်။

* * * * *

“လီဆူ”

တိုင်းရင်းသား စကားပုံများ

၁။ ခွေး၏ခင်မင်မှုသည် သေသည်အထိ
လူ၏ခင်မင်မှုသည် တစ်ခဏတာ။

၂။ ငတ်မွတ်၍ မျိုးစေ့ကိုမစားသင့်သလို
မျိုးကြက်ကိုလည်းမစားသင့်။

၃။ စားသောက်မည့်အချိန်သူစိမ်းရောက်
ဒုက္ခတွေ့မည့်အချိန်(ဆွေမျိုးရောက်)

၄။ ဆိတ်၏ဦးချိုသည် လိမ်ကောက်သည်။
မိုက်ကန်းသူ၏စိတ်သည်ကောက်ကျစ်သည်။

၅။ ထမင်းရွေးသူ ဗိုက်မဝ၊ ရွှေရွေးသူ မကြီးပွား။

၆။ ထမင်းစားရန်ရှက်တတ်သူ ဆာလောင်ရ၊ အသားစားရန်
ရှက်တတ်သူ သွားရည်ယိုရ။
၇။ ထမင်း၏အရသာသည် အိုးကပ်၊ အသား၏အရသာသည်လျှာ
၈။ ဖြူတိုင်းငွေမဟုတ်၊ ဝါတိုင်းရွှေမဟုတ်။
၉။ မြင်းမရှိသည့်အခါဆိတ်ကိုလည်း စီးတတ်ရမည်။
၁၀။ ရွှေကောင်းမထွက်ပါက ရွှေသစ်မဝင်။
၁၁။ လူ၏တန်ဖိုးသည် စာရိတ္တ၊ ဝက်၏တန်ဖိုးသည်အသား
၁၂။ ဝယ်စားသူကကျွန်၊ လုပ်ကိုင်စားသူကသခင်။
၁၃။ သူတစ်ပါးက ကူညီသည်ကိုမှတ်ထားပါ။
ကိုယ်ကကူညီသည်ကို မေ့ပစ်ပါ။

* * * * *

"လရှိ"

တိုင်းရင်းသား စကားပုံများ

၁။ ကိုယ်တူးသောတွင်းထဲသို့ ကိုယ်တိုင်ကျသည်။
၂။ ကလေးကျပြီးကာမှ လှေကားထောင်သည်။
သားကောင်လွန်ပြီးကာမှ ခွေးဟောင်သည်။
၃။ ကျားသားရေတွင် အစင်းရှိသည်။
လူဆိုး၏စိတ်တွင် ကောက်ကျစ်မှုများရှိသည်။
၄။ စကားဟောင်းပြောလျှင် အရှက်ရတတ်သည်။
လမ်းကောက်ကိုလိုက်လျှင် အချိန်ကုန်တတ်သည်။
၅။ တောင်ကိုလှစေသည်မှာ သစ်ပင်ဖျား။
ချောင်းကိုလှစေသည်မှာ ကျောက်တောင်ကျောက်ကမ်းပါး။
၆။ သားကောင်းသည်မိခင်မှ။
အသီးကောင်းသည် အမြစ်မှ။
၇။ သက်ကြီးစကားကို မလွန်ဆန်သင့်။
အရိုးရင့်ကိုလည်း မခုတ်သင့်။

၈။ ဝါးမကွဲဘဲနှင့် ရေမဝင်၊ ဝါးကွဲမှသာရေဝင်သည်။

၉။ သူကြီးမလိမ္မာရွာပျက်၊ မြင်းမလိမ္မာကြိုးပြတ်။

၁၀။ အနင်းခံရသော စပါးသန်သည်။

အကဲ့ရဲ့ခံရသူမှ လိမ္မာသည်။

* * * * *

[illegible]

"ထားဝယ်"

တိုင်းရင်းသား စကားပုံများ

၁။ ကြောင်မ လင်လိုချင်လျှင် ကြောင်မပင် ပင်ပန်းရသည်။

၂။ ကျောက်ပွတ်ပြီးလောကွတ်လုပ်သည်။

၃။ ကျီးကန်းသည် မိမိစားလိုမှုအတွက် တောင်းတစ်ခုလုံးကို နင်းမှောက်သည်။

၄။ ကျီးကန်းငှက်မွေးတစ်ပင်ကို ကျီးကန်းတစ်ကောင်ထင်မှတ်သည်။

၅။ ကျောင်းအိုကျောင်းပျက်တွင်နေသူမရှိ။ ကြောင်သာလျှင်အစောင့်ကဲ့သို့ရှိ၏။

၆။ ကြံရည်စုပ်ပြီးက ကြံဖတ်တွင်အရသာမရှိသလိုပင်ဖြစ်သည်။

၇။ ခွေးထက် ခွေးမြီးကအရေးကြီး။

၈။ ဂဏန်းကြီးလျှင် နှစ်ခါလျှောက်ရသည်။

၉။ ငိုလိုက်၊ ရယ်လိုက်၊ စူဋ္ဌလိပ်ဖင်လိုရှုံ့ချည်နှချည်။

၁၀။ ငပိယူလျှင် မုချနံ၍၊ ဆားယူလျှင် မုချကျန်ပြီး၊ ရေနံထည့်လျှင် မုချလျှံထွက်သည်။

၁၁။ စာဘူးတောင်းအကြံကောင်းသဖြင့် အိမ်ကောင်းရာကောင်း နှင့်နေရသည်။

၁၂။ စာဝတီးအကြံကြီးသဖြင့် အိမ်ကြီးရာကြီးနှင့်နေရသည်။

၁၃။ ဆားထည့်သောကျည်တောက်ငယ်တွင် လောက်တတ်သည်။

၁၄။ ဆင်းရဲပါတယ်ဆိုမှ ယန်း(ယိမ်း)အကကိုကရပေဦးမည်။

၁၅။ ဆလုံသည် ခွေးကို မလိုသည့်အတွက် ကျွန်းတစ်ခုခု၌ လွှတ်ပစ်ထားခဲ့သည်။ (တနည်း) သူ့ထိုက်နှင့်သူ့ကံစွန့် ပစ်သည်။

၁၆။ ဆပ်ပြာကောင်းမှ ခေါင်းပေါင်းလျှော်၍ဖြူသည်။

၁၇။ ဇရပ်မှူကြီးသော်လည်း ဉာဏ်ရှိလျှင်ကြီးသောပစ္စည်းကို ငယ်သောထည့်စရာတွင် ထည့်ကရသည်။

၁၈။ တစ်စိတ်ပမာဏမျှကို တစ်အိတ်အရွယ်မျှ လုပ်ပြောသည်။

၁၉။ တစ္ဆေစပါးလှန်းသကဲ့သို့ အရောင်ပြသလို တကယ်မဟုတ် တန်ပြလုပ်။

၂၀။ တစ်တီတူး အကြံရှတ်သဖြင့် မိုးလေစွတ်စိုပြီးနေရသည်။

၂၁။ ဒညင်းသီးက၊ အီးဖြောင်းပြန်။ (နံစော်ခြင်းကိုဆိုလိုသည်)

၂၂။ ဖွပ်နှင့်လိပ်ကဲ့သို့ကပ်သီးကပ်သပ်လုပ်သည်။

၂၃။ ဘုတ်အကြောင်းဘန်းသိ။

၂၄။ မဒမအခေါက်နှင့် မဒမအသား၊ တစ်ခုကိုတစ်ခုစေးကပ်သည်။

၂၅။ မှိုရသူမျက်နှာ ရှင်ပျံရှာ။

၂၆။ ဖွားသီလရှင်လောဘ၊ ပင်လယ်ဝ။

၂၇။ မျောက်ပု၊ မျောက်မူ။
(မျောက်ပုံသဏ္ဌာန်မှာ မျောက်ဟန်အတိုင်းအငြိမ်မနေပါ)

၂၈။ ငါးမရှိတဲ့အရပ်မှာ ဖျင်းသလက်သည် ငါးအကောင်းစားဖြစ် သည်။

၂၉။ မစားရဖူးသေးတော့ ပိုက်ဆံလျှော်အဖူးလက်သုပ်စားရသလို။ မရဖူးသေးတော့ စည်းဝါးလက်ခုတ်နှင့်ကရသလို။

၃၀။ မိန်းမခြောက်ယောက်လှေနန်းမှောက်။
(မိန်းမခြောက်ယောက်တစ်လှေထဲစီးလျှင် ဟိုဘက်ဒီဘက်နင်းကာ မငြိမ်သည့်အတွက် လှေမှောက်သည်)

၃၁။ ယောက်ျားသုံးဆယ်တစ်လှေတည်းစီးသော်လည်း ငြိမ်သက်လွန်းသဖြင့် နားထဲပဇင်းအော်သံပင်ကြားရသည်။

၃၂။ ယာအတွင်း သခွားပင်ကလည်းမြင့်တက်ချင်၊ စပါးပင်ကလည်းမြင့်တက်ချင်။

၃၃။ ရွှေလှေလာလျှင် ငပိလှေ၊ ဆားလှေထွက်ပေး။

(ဂုဏ်ရှိသူလာလျှင်၊ ဂုဏ်နိမ့်သူဖယ်ရှားပေး)

၃၄။ ရင်မေ့၊ ဒူးမေ့။

(ရင်ရော ဒူးရောဆိုသလို တစ်ကိုယ်လုံးမေ့ပျောက်လိုက်သည်)

၃၅။ ထွန်နောက်ရေပါ။

၃၆။ လှေနှင်းဆိပ်ကမ်းသည် တစ်နေ့တွင်တွေ့ရမည်ဖြစ်သည်။

၃၇။ သားရှင်ပျောက်လိုက်။

(လယ်သမားရှင်ကို ပျောက်ကပြန်လိုက်သည်)

၃၈။ လှည်းထက်ဘီးကကြီးသည်။

၃၉။ အညောင်းစွဲလောက်အောင် အချိန်ယူပြီး မျှားလျှင် ကသပေါင်းငါးကြီးရနိုင်သည်။

၄၀။ အားလိုလျှင်အချိုတဲပါ။

၄၁။ အမေသေ၍ စကောနှင့်ပုံးသော် လုံမည်မဟုတ်။

၄၂။ အိပ်လို့ကောင်းသည်မှာ နံနက်မိုးသောက်ယံအချိန်။

စားလို့ကောင်းသည်မှာ ထမင်းချိုးအစအန။

ထိုင်လို့ကောင်းသည်မှာ လှေကားထိပ်ဝ။

၄၃။ အခွံဖုံးထားသောလိပ်၊ ပိန်ကြုံနေသည်ကိုလူမသိ။

၄၄။ အပ်တစ်ချောင်းဝင်ပြီး ဆီအများကြီးထွက်သွားသည်။

(အပ်ဝင်၊ ပေါက်ဆိန်ထွက်)

* * * * *

"နာဂ"

တိုင်းရင်းသား စကားပုံများ

၁။ ရေမစား၊ မီးမစား

၂။ ဘွတ်ယ[illegible]က်လို တစ်ကောင်တည်းအော်

၃။ တောင်ပေါ်လူကို တောင်အောက်ကလူကသေးသေးမြင်။

၄။ တောင်အောက်ကလူကို တောင်ပေါ်ကလူကသေးသေးမြင်။

၅။ ခြင်၊ ဖြုတ် ကိုက်ခံမှ တောင်ယာပြီး။

၆။ ကဇော်ချဉ်အောင်လက်မဆေးနှင့်။

၇။ ရေပေါ်မီးသွား၊ တောင်ထိပ်ကြာပေါက်။

၈။ အူရိုင်းမူးမှ ဒူးပေါ်ပေါင်ပေါ်

သန်းထွန်း (လှည်းကူး)

စိုးစာပေ